# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်၊ သောကြာနေ့။ Friday, 4 April 2025 ၁၁၇၈၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

**နေပြည်တော် ဧပြီ ၃**

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်အစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများအား ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်သည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များအား ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဘင်းမ်စတက်အဖွဲ့ ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့်အတူ ကြိုဆိုဂုဏ်ပြုညစာကို အတူတကွသုံး ဆောင်ခဲ့ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra ကြိုဆိုနှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ


နိုင်ငံရေးပါတီ ( ၂၉ ) ပါတီ၏ ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက် — စာမျက်နှာ » ၉

၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာ သုံးသပ်ဆွေးနွေးပွဲမှအပြန် — ဆောင်းပါး စာမျက်နှာ » ၁၉

မန္တလေးနှင့် စစ်ကိုင်း သွားလာမှုလွယ်ကူ အဆင်ပြေစေရေးအတွက် မြစ်ကူး ကူးတို့ ခရီးစဉ်များ အခမဲ့ပြေးဆွဲခြင်းကို နေ့စဉ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ — စာမျက်နှာ » ၁၀

ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ အပါအဝင် ငလျင်ဘေးထိခိုက်ခံစားရသူများ အားလုံးကို ခွဲခြားဆက်ဆံမှုမရှိဘဲ သာတူညီမျှရှိစေရေး အလေးပေးဆောင်ရွက်ကြပါရန် တိုက်တွန်းပန်ကြား — စာမျက်နှာ » ၁၄

ကြေးမုံ

# လျှော့ဒဏ်ခံဒေသကူညီကယ်ဆယ်ရေး အရှိန်အဟုန်မြှင့်တင်ဝိုင်းဝန်းဆောင်ရွက်

မြန်မာနိုင်ငံ ငလျင်သမိုင်းနှင့်ပတ်သက်၍ အင်အားပြင်းထန်သောငလျင်ကြီး ၁၈ ကြိမ် လှုပ်ခတ်ခဲ့မှုအနက် ၁၉၁၂ ခုနှစ် မေလ ၁၃ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် ပြင်းအား ရစ်(ချ်)တာစကေး ၈ ရှိ မေမြို့ငလျင်သည် အပြင်းထန်ဆုံးဖြစ်ပြီး ဒုတိယ အပြင်းထန်ဆုံးမှာ မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် စစ်ကိုင်းငလျင်ကြီးဖြစ်သည်ကို ပြည်သူအားလုံးသိရှိခဲ့ကြပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ငလျင်နှင့်ပတ်သက်ပြီး အကြိမ်ကြိမ်လှုပ်ခတ်ခဲ့သည့် သင်ခန်းစာများရှိပြီးဖြစ်၍ ငလျင်ကြောင့်ဖြစ်ပေါ်လာသော ဖြစ်စဉ်များကို သတိပြုရန်နှင့် သင်ခန်းစာများရယူကြရန် လိုအပ်မည်ဖြစ်သည်။ အဆိုပါငလျင်ကြီး လှုပ်ခတ်ပြီးချိန်၌ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ထိခိုက်ဆုံးရှုံးမှု များပြားသည့်အတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် ငလျင်လှုပ်ခတ်ပြီး နာရီပိုင်းအတွင်း ငလျင်ဒဏ်သင့်ဒေသအချို့ကို ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့တွင်းအချို့လမ်းကြောင်းများ၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုအလွန်များပြားသည်ကို တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် ဖြစ်ပေါ်လာသည့် ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ အသိပေးပြောကြားချက်တစ်ခုကို ချက်ချင်းထုတ်ပြန်ခဲ့သည်။ ထိုသို့ အသိပေးထုတ်ပြန်ချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ရှိသည့်စွမ်းပကားများဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အချိန်များစွာယူရမည်ဖြစ်သည့်အတွက် ပြည်ပနိုင်ငံများမှ အကူအညီများရရှိရန် အသိပေးပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ ကိုယ်ပိုင်အရင်းအမြစ်များဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်များ များစွာရှိသည့်အတွက် ပြည်ပမှအကူအညီများရရှိရေးကို ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ဖိတ်ခေါ်ခဲ့သဖြင့် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်အပြီး အချိန်နာရီအတိုင်းအတာတစ်ခုအတွင်း တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအပါအဝင် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာပြီး ငလျင်ဒဏ်သင့်ဒေသများ၌ ပြည်တွင်းရှိ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များ ရောက်လာခြင်းနှင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးခဲ့ခြင်းအတွက် နိုင်ငံတကာအဖွဲ့အစည်းများကို အထူးကျေးဇူးတင်ရှိရမည်ဖြစ်သည်။

အလားတူ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ ပါကစ္စတန်ဝန်ကြီးချုပ်တို့ကလည်း လိုအပ်သည့်အကူအညီများ ပေးအပ်နိုင်ရေး တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားလာသကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်အပါအဝင် ရုရှား၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ နီကာရာဂွာနိုင်ငံတို့မှ အကြီးအကဲများက ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း သဝဏ်လွှာများပေးပို့ဆက်သွယ်ခြင်းနှင့် အခြားလိုအပ်သည့် အကူအညီများကို မိတ်ဆွေကောင်းပီသစွာ ပေးအပ်ခဲ့ကြောင်း သိရသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဘီလီယံ ၅၀၀ မတည်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်များနှင့်စပ်လျဉ်း၍ ၁၉၁၂ ခုနှစ်ခန့်မှ စတင်လှုပ်ခတ်ခဲ့သည့် ငလျင်များ၏ သက်ရောက်မှုအခြေအနေများနှင့်ပတ်သက်ပြီး သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်သည်။ ငလျင်နှင့်ပတ်သက်၍ ကြုံတွေ့နိုင်ရန် အချိန်ကွာဝေးသဖြင့် သင်ခန်းစာယူရန် အချက်များစွာရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ အဆောက်အအုံများဆောက်လုပ်ရာတွင် ဖြစ်ပေါ်လာနိုင်မည့် ငလျင်ဒဏ်ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်သည်။ ငလျင်ဒဏ်နှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း မရှိသောကြောင့် ယခုကဲ့သို့ ထိခိုက်ဆုံးရှုံးပျက်စီးမှုများ၊ မလိုအပ်သောသေဆုံးမှုများ များပြားခဲ့ခြင်းနှင့် ဒဏ်ရာရသူများနှင့် ပျောက်ဆုံးမှုများရှိနေရခြင်းဖြစ်သည်။

ဧပြီလ ၁ ရက်နေ့ နံနက် ၈ နာရီအထိ စာရင်းကောက်ယူရရှိမှုများအရ ငလျင်ဘေးဒဏ်ကြောင့် အသက်သေဆုံးရသူ ၂၇၁၉ ဦး၊ ထိခိုက်ဒဏ်ရာရသူ ၄၅၂၁ ဦး၊ ပျောက်ဆုံးနေသူ ၄၄၁ ဦး ရှိသည်ဟုသိရသည်။ ထို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ ငလျင်ဒဏ်သင့်ဒေသများသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ငလျင်ဘေးဒဏ်သည် အင်ဂျင်နီယာပိုင်း၌ ကြီးမားသောစိန်ခေါ်မှုဖြစ်သည်ကို တွေ့ရှိခဲ့ရသည်။ အင်ဂျင်နီယာရှုထောင့်အရ တည်ဆောက်ရာတွင် စနစ်တကျတွက်ချက်လုပ်ဆောင်သင့်သည်ကို သင်ခန်းစာဖော်ထုတ်ရရှိခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ငလျင်ဒဏ်အန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့နိုင်သော နေရာဒေသများရှိနေသည်ကို အားလုံးသိရှိနားလည်ထားရမည်ဖြစ်သလို ယခုကြုံတွေ့ခဲ့ရသော ဆိုးရွားသည့် ငလျင်ဒဏ်အန္တရာယ်မှ ကျော်ဖြတ်နိုင်ရေးအတွက် ငလျင်ဒဏ်ခံဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ ပြည်သူများ ပူးပေါင်းလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီးကြပ်ရေးမှူးချုပ် ဦးဝင်းနေလွင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် / အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ငလျင်ကြောင့် ဆက်သွယ်မှုပြတ်တောက်သွားသော မိုဘိုင်းဆက်သွယ်ရေးစခန်းများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၃**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သောငလျင်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသော မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၆၀၀၀ ကျော်အနက် ၆၇၃၀ ကျော်သည် ဆက်သွယ်ရေးပြတ်တောက်မှု ဖြစ်ပေါ်ခဲ့သည်။

အော်ပရေတာများသည် ဆက်သွယ်ရေး ပြန်လည်ကောင်းမွန်စေရန်အတွက် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ မိုဘိုင်းဆက်သွယ်ရေးစခန်း ၄၅၀၀ ကျော် ပြန်လည်ကောင်းမွန်အောင် ပြင်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆက်သွယ်မှုပြတ်တောက်၍ ကျန်ရှိနေသော မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၃၀၀ ကျော်အား အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေးကို အော်ပရေတာအသီးသီးမှ နည်းပညာဆိုင်ရာအရာရှိချုပ် (Chief Technical Officer–CTO ) များ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိသည့်အပြင် နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ အရေးကြီးသော နေရာများတွင် ဆက်သွယ်မှုများ အမြန်ဆုံးရရှိစေရန် ယာယီရွေ့လျားဆက်သွယ်ရေးတိုင် (Cell on Wheel – COW) များ အသုံးပြု၍ ဆက်သွယ်မှုရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများသည် ဆက်သွယ်ရေးကဏ္ဍ၏ လူမှုအကျိုးပြုလုပ်ငန်း Corporate Social Responsibility (CSR) အဖြစ် ငလျင်ဘေးသင့်ဒေသများရှိ မိုဘိုင်းဖုန်းသုံးစွဲသူပြည်သူများ အဆင်ပြေချောမွေ့စေရန် အော်ပရေတာတူ မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ ဖုန်းပြောဆိုခွင့်နှင့် အခမဲ့စာတိုပေးပို့ခွင့်ကို မတ် ၂၉ ရက်မှ စတင်ကာ ဧပြီ ၁၀ ရက်အထိ အသုံးပြုခွင့် ဆောင်ရွက်ပေးထားကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ၃ - ၄ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၁၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၄ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၃၀၀ | ၂၀၃ | ၁,၄၆၁,၉၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၁,၃၅၈ | ၄,၀၀၇,၉၀၀ |
| MCB | ၇,၉၀၀ | ၈,၀၀၀ | ၈ | ၆၃,၇၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၄၃ | ၂၅၇,၄၀၀ |
| TMH | ၂,၈၅၀ | ၂,၉၀၀ | ၉၁ | ၂၅၉,၈၅၀ |
| EFR | ၁,၅၅၀ | ၁,၅၅၀ | ၁,၁၄၇ | ၁,၇၅၁,၆၀၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၉ | ၃၅,၆၀၀ |
| MAEX | ၃,၁၅၀ | ၃,၂၀၀ | ၄၀၄ | ၁,၂၈၇,၈၀၀ |
| MADPL(PLB) | ၃,၈၀၀ | ၃,၈၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli နှင့် တွေ့ဆုံဆွေးနွေး


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli နှင့်တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဧပြီ ၃**

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် BIMSTEC အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli နှင့် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ နီပေါနိုင်ငံဝန်ကြီးချုပ်က မကြာခင်က မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မိမိနှင့်အတူ နီပေါပြည်သူများက မြန်မာပြည်သူများနှင့်အတူ ထပ်တူ ဝမ်းနည်းရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လည်း ဆေးကုသရေးအဖွဲ့များအပါအဝင် ကူညီကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ၂၀၁၅ ခုနှစ်အတွင်း ငလျင်လှုပ်ခတ်ခဲ့စဉ်က လည်း သေဆုံးသူ ၉၀၀၀ ကျော်ခန့်ရှိပြီး ထိခိုက်သူ ၂၃၀၀၀ ကျော်ရှိခဲ့ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်အဆောက်အအုံများ ပြန်လည်ထူထောင်ရေး အတွက်လည်း ဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့ နီပေါနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ချစ်ကြည်ရင်းနှီးသည့်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့နိုင်ငံတွင် ပြင်းထန်လျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် နီပေါနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးမှုများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ရှေးယခင်ကတည်းက ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ပြီး မိမိတို့နိုင်ငံတပ်မတော်၌ နီပေါနွယ်ဖွား ဂေါ်ရခါးလူမျိုးများ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင်နီပေါလူမျိုးအများအပြား နေထိုင်လျက်ရှိပြီး ရှေးယခင်ကတည်းက မြန်မာလူမျိုးများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံ အလှမ်းကွာဝေး သော်လည်း ချစ်ကြည်ရင်းနှီးမှုရှိပြီး နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးမြှင့် ဆောင်ရွက်သွားလိုကြောင်း၊ ၂၀၁၅ ခုနှစ်တွင် နီပေါငလျင်လှုပ်ခတ်ခဲ့စဉ်က လည်း မိမိတို့ မြန်မာ့တပ်မတော်မှ ကယ်ဆယ်ရေး ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီပေးပို့ကူညီပေးခဲ့သကဲ့သို့ ယခုမိမိတို့နိုင်ငံ၌ ငလျင်ဘေးဒဏ်ကျရောက်ချိန်၌လည်း အချိန်နှင့် တစ်ပြေးညီ ကူညီ ဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း အဆွေတော်တို့နိုင်ငံအနေဖြင့် အတွေ့အကြုံရှိပြီးဖြစ်သဖြင့် မိမိတို့ကိုလည်း အဆိုပါ အတွေ့အကြုံများကို မျှဝေပေးသွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ ယခုနှစ် ဒီဇင်ဘာလအတွင်း လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့သည် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်အစည်းအဝေးမှ တစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**★ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ ယခုနှစ် ဒီဇင်ဘာလအတွင်း လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ ဆွေးနွေး**

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး နီပေါနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နီပေါအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နီပေါနိုင်ငံဝန်ကြီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများကို အပြန်အလှန် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ ရှေ့ဖုံးမှ

အဆိုပါ ကြိုဆိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအကြီးအကဲများ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အကြံပေးပုဂ္ဂိုလ်ချုပ် Dr. Muhammad Yunus၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Tshering Tobgay၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. KP Sharma Oli သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် H.E. Dr. Harini Amarasuriya နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**



ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အကြိမ် (၂၀)မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ပါဝင်တက်ရောက်




**နေပြည်တော် ဧပြီ ၃**

ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် ဘင်းမ်စတက် နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ် ဆတ်ငီယမ်ဖုန်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အခြား ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး မစတင်မီ ဝန်ကြီးများနှင့် တက်ရောက်လာသည့် ကိုယ်စားလှယ်များသည် မြန်မာနှင့် ထိုင်းနိုင်ငံတို့၌ ငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ အတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ကြသည်။ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရမှုများ အတွက် စာနာထောက်ထားကြောင်းနှင့် အကူအညီများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးရမှုများအတွက် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများက ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခြင်းနှင့် အကူအညီများပေးအပ်ခြင်းတို့အတွက် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဆဋ္ဌမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး၌ ဘင်းမ်စတက်ဗန်ကောက် မျှော်မှန်းချက် (၂၀၃၀)နှင့် ဘင်းမ်စတက် ယန္တရားများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုနိုင်တော့မည်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဘင်းမ်စတက် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ကဏ္ဍ၏ ဦးဆောင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ပထမအကြိမ် စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လက်ခံကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ပို့ဆောင်ဆက်သွယ်ရေး ပင်မစီမံကိန်း အကောင်အထည်ဖော်မှုနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်း တိုးတက်မှု ရရှိရေးအတွက် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက် ပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်များ ရရှိစေရန်နှင့် သာယာဝပြော၍ ကြံ့ကြံ့ခံနိုင်သော ပွင့်လင်းမြင်သာသည့် ဘင်းမ်စတက် တည်ဆောက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အကြိမ် (၂၀)မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမတိုင်မီ ကျင်းပသည့် ပင်လယ်ရေကြောင်း ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်လက်မှတ်ရေးထိုးသည်။

ထိုင်းနိုင်ငံက ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးနှင့်ဆက်စပ်၍ ဘင်းမ်စတက် လူငယ်မျိုးဆက်သစ်ဖိုရမ်ကို ဧပြီ ၂ ရက်မှ ၃ ရက်အထိ လက်ခံကျင်းပလျက်ရှိပြီး အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံကိုယ်စားပြု၍ ပုဂ္ဂလိကကဏ္ဍမှ လူငယ်စီးပွားရေး လုပ်ငန်းရှင်တစ်ဦး ပါဝင်တက်ရောက်လျက်ရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူနေသည့် မြန်မာအလုပ်သမားများကို သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် မတ် ၃**

မတ် ၂၈ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ မြေငလျင်လှုပ်ခတ်၍ ဆောက်လုပ်ဆဲအဆောက်အအုံ ပြိုကျပျက်စီးမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူနေသော မြန်မာအလုပ်သမားများကို မြန်မာသံရုံး ဗန်ကောက်မြို့ သံအမတ်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ အလုပ်သမားသံအရာရှိ ဦးရန်နောင်နှင့် ပထမအတွင်းဝန် ဦးစန်းနေသွေးတို့က မတ် ၃၁ ရက် ညနေပိုင်းတွင် Phya Thai ဆေးရုံသို့ သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မတ် ၃၁ ရက်တွင် အလုပ်သမားသံအရာရှိ ဦးရန်နောင်၊ ပထမအတွင်းဝန် ဦးစန်းနေသွေးတို့က ငလျင်လှုပ်ခတ်၍ အဆောက်အအုံပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသဖြင့် Phya Thai ဆေးရုံတွင် ဆေးကုသမှုခံယူနေသော ဦးမြင့်အောင်၊ ၄၂ နှစ်၊ မကွေးတိုင်းဒေသကြီး သရက်မြို့၊ ဦးထွန်းလင်းအောင်၊ ၃၃ နှစ်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၊ ဦးသော်ဇင်နိုင်၊ ၄၃ နှစ်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နှင့် ဦးမိုးဝေ၊ ၄၇ နှစ်၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့တို့ကို Phya Thaiဆေးရုံသို့သွားရောက်၍အားပေးစကားပြောကြားခဲ့ပြီး မြန်မာသံရုံး၊ မိသားစုက လှူဒါန်းသော ထောက်ပံ့ငွေကို ပေးအပ်သည်။

ထို့အပြင် Vajira Hospital ၌ ဆေးကုသမှုခံယူနေသော မောင်ဇော်မြင့်နှင့် မောင်အောင်နိုင်တို့ကို ဆက်လက်သွားရောက်တွေ့ဆုံ၍ အချက်အလက်များရယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ထိုင်းနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် မေ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲ ၂ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာကြရာ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphatra Srimaitreephithak နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ခရီးစဉ်တွင် လိုက်ပါသွားကြ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၅၀ မိနစ်တွင် ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်(Wing-6)သို့ ရောက်ရှိကြရာ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး H.E. Mr. Phiphat Ratchakitprakan၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ထိရောက်စွာဆောင်ရွက်နိုင်**

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ခြင်းနှင့် ခရီးစဉ်အတွင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့်အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphatra Srimaitreephithak နှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး H.E. Mr. Phiphat Ratchakitprakan၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်(Wing-6)၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခြင်းနှင့် ခရီးစဉ်အတွင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးဆောင်ရွက်သွားမည်**

# မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့

နေပြည်တော် မေ ၃

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် မွန်ဂိုလီးယားနိုင်ငံ သမ္မတ KHURELSUKH UKHNAA ကလည်းကောင်း၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် Pak Thae Song ကလည်းကောင်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ANWAR IBRAHIM ကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါ သဝဏ်လွှာများတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့်အတွက် မိမိတို့အနေဖြင့် မြန်မာနိုင်ငံအတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း၊ မြေပြင်တွင်သက်စွန့်ဆံဖျားကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကယ်ဆယ်ရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ၏အသက်ကို ကယ်တင်ရန်အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် အကူအညီပေးရန် နှစ်နိုင်ငံကြားသော်လည်းကောင်း၊ အာဆီယံမှတစ်ဆင့်သော်လည်းကောင်း မြန်မာနိုင်ငံသို့ပေးအပ်နိုင်သည့် အထောက်အပံ့များအားလုံးကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာပြည်သူများကိုယ်စား ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏မိသားစုဝင်များအပေါ် များစွာစာနာထောက်ထားပါကြောင်း၊ မြန်မာပြည်သူများအနေဖြင့် ယခုကဲ့သို့ ခက်ခဲသည့်အချိန်ကာလကို အမြန်ဆုံးကျော်လွှားနိုင်ပြီး ၎င်းတို့၏ လူမှုဘဝကို ပြန်လည်တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအား ငလျင်ဒဏ်အပြီး ပုံမှန်အနေအထားသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိပါစေကြောင်း၊ ငလျင်ကျရောက်ရာဒေသမှ ပြည်သူများဘဝ တည်ငြိမ်အေးချမ်းမှုရရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးဒဏ်ခံစားနေရသည့်အချိန်ကာလတွင် အာဆီယံသည် မြန်မာပြည်သူများအတွက် မှီခိုအားထားရသည့် မိတ်ဆွေကောင်းအဖြစ် ယုံကြည်စိတ်ချနိုင်ရန် ရှိနေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးအတွက်ဝမ်းနည်းဖွယ်ကာလတွင် အဖွဲ့အစည်းအားလုံး၏ ကြိုးပမ်းအားထုတ်မှုများသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့အား ကယ်ဆယ်ရေး၊ ခံစားရသည့်နာကျင်မှုများ လျော့ပါးသက်သာရေးနှင့် ထိခိုက်ပျက်စီးခဲ့ရသည့် လူ့အသိုက်အဝန်းများ ပြန်လည်ထူထောင်ရေးအတွက် ဦးတည်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း တို့ဖြင့် အသီးသီးဖော်ပြထားကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မကြာသေးမီက မြန်မာနိုင်ငံအလယ်ပိုင်းတွင်ဖြစ်ပွားခဲ့သည့် ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူများ အသက်အိုးအိမ်စည်းစိမ်အမြောက်အမြားပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း ဖော်ပြအပ်ပါသည်။

မွန်ဂိုလီးယားနိုင်ငံပြည်သူများကိုယ်စား မိမိအနေဖြင့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏မိသားစုဝင်များအပေါ် များစွာစာနာထောက်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့သော ခက်ခဲသောအချိန်ကာလတွင် မွန်ဂိုလီးယားပြည်သူများအနေဖြင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများနှင့်အတူ တစ်သားတည်းရပ်တည်လျက်ရှိပါကြောင်းနှင့် ၎င်းတို့၏ စာနာထောက်ထားမှုအား မျှဝေပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာပြည်သူများအနေဖြင့် ယခုကဲ့သို့သော ခက်ခဲသည့်အချိန်ကာလကို အမြန်ဆုံး ကျော်လွှားနိုင်ပြီး ၎င်းတို့၏လူမှုဘဝကို ပြန်လည်တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

KHURELSUKH UKHNAA

မွန်ဂိုလီးယားနိုင်ငံ

သမ္မတ

အူလန်ဘာတာ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်။

---

## ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## နိုင်ငံတော်ဝန်ကြီးချုပ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်

မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတွင် လှုပ်ရှားခဲ့သည့် အင်အားအဆမတန်ပြင်းထန်သောမြေငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း စိတ်မကောင်းဖွယ်ရာကြားသိရသည့်အတွက် အဆွေတော်နှင့်မြန်မာပြည်သူများ အထူးသဖြင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးခဲ့ရသည့်မိသားစုများအတွက် များစွာဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ငလျင်ဒဏ်အပြီး ပုံမှန်အနေအထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိပါစေကြောင်းနှင့် ငလျင်ဒဏ်ကျရောက်ရာဒေသမှ ပြည်သူများဘဝ တည်ငြိမ်အေးချမ်းမှုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပတ်သဲဆုန်း

ဝန်ကြီးချုပ်

ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ

ပြုံးယမ်း၊ မတ်လ ၃၁၊ ၂၀၂၅

---

မလေးရှားနိုင်ငံ ဝန်ကြီးချုပ်

ရက်စ္စဲ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၀ ရက်

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်

**အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် မလေးရှားနိုင်ငံကိုယ်စား မိမိအနေဖြင့် မြန်မာနိုင်ငံအတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးသူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ပျောက်ဆုံးနေသူများလည်း ဘေးကင်းလုံခြုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ မိမိတို့သည် မြေပြင်တွင်သက်စွန့်ဆံဖျား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကယ်ဆယ်ရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ၏အသက်ကို ကယ်တင်ရန်အသင့်ရှိပါသည်။

မလေးရှားနိုင်ငံသည် မြန်မာပြည်သူများနှင့်အတူ ခိုင်မာညီညွတ်စွာ လက်တွဲရပ်တည်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် အကူအညီပေးအပ်ရန် နှစ်နိုင်ငံအကြားသော်လည်းကောင်း၊ အာဆီယံမှတစ်ဆင့်သော်လည်းကောင်း မြန်မာနိုင်ငံသို့ ပေးအပ်နိုင်သည့် အထောက်အပံ့များအားလုံးကို ပေးအပ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငလျင်ဒဏ်သင့် မြန်မာပြည်သူများအား ရင်းဂစ် ၁၀ သန်း တန်ဖိုးရှိလူသားချင်းစာနာထောက်ထားမှု အကူအညီများကို အမြန်ဆုံးပေးအပ်နိုင်ရန် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။ မလေးရှားနိုင်ငံသည် ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သည့်အားလျော်စွာ အာဆီယံ၏စည်းလုံးညီညွတ်မှုနှင့် ခိုင်မာတောင့်တင်းမှုကို ပြသရန်တာဝန်ရှိပါသဖြင့် မိမိ၏နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့ကို မြန်မာနိုင်ငံသို့စေလွှတ်၍ လိုအပ်သည်များဆောင်ရွက်ရန် ညွှန်ကြားထားပါသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် အရေးပေါ်လိုအပ်သည့် လူသားချင်းစာနာမှု အကူအညီများနှင့် နည်းပညာအထောက်အပံ့များ ဆောလျင်စွာပံ့ပိုးနိုင်ရေးအတွက် မိမိ၏အာဆီယံလုပ်ဖော်ကိုင်ဖက်များနှင့်အတူ လုပ်ငန်းစီမံချက်တစ်ခုကို ရေးဆွဲသွားမည်ဖြစ်ပါသည်။ ၁၇-၄-၂၀၂၅ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ အလွတ်သဘောအကြံပေးကောင်စီအစည်းအဝေးကို မိမိက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လျက် ကျင်းပမည်ဖြစ်ပြီး ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာအခြေအနေကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။

ယခုကဲ့သို့ ခက်ခဲနေသည့်ကာလတွင် အာဆီယံသည် မြန်မာပြည်သူများအတွက် မှီခိုအားထားရသည့် မိတ်ဆွေကောင်းအဖြစ် ယုံကြည်စိတ်ချနိုင်ရန် ရှိနေမည်ဖြစ်ပါသည်။ နိုင်ငံတစ်ဝှမ်းလုံးအတွက် ဝမ်းနည်းဖွယ်ကာလတွင် ကြိုးပမ်းအားထုတ်မှုများအားလုံးသည် ပြည်သူများ၏အသက် ကယ်ဆယ်ရေး၊ ခံစားနာကျင်မှုများ လျော့ပါးသက်သာရေးနှင့် ထိခိုက်ခံစားရသည့် လူ့အသိုက်အဝန်းများ ပြန်လည်ထူထောင်ရေးအတွက် ဦးတည်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

အန်ဝါ အီဗရာဟင်

၂၀၂၅ ခုနှစ်၊ မတ်လ ၃၀ ရက်

---

## အချိန်အခါမဟုတ်မိုးရွာနိုင်မည့် သတိပေးချက်

နေပြည်တော် မေ ၃

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိလေဖိအားကြီးရပ်ဝန်းဒေသမှရွေ့လျားလာသောလေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ မေ ၅ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် မေ ၆ ရက်မှ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဇမ္ဗူသီရိမြို့နယ်ရှိ မြို့ရေပေးဝေရေး အကူဆည်တစ်ခုဖြစ်သည့် ရေငန်းတမံလျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဇမ္ဗူသီရိမြို့နယ်ရှိ ချောင်းမကြီးရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။

**☆ ကျောဖုံးမှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်အတွင်းသို့ သောက်သုံးရေများ ဖြန့်ဝေပေးသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်တမံ ငလျင်ဒဏ်ကြောင့် တမံများ ထိခိုက်ပျက်စီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် သိရှိလိုသည်များမေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ အဆိုပါ ရန်အောင်မြင်တမံသည် မြို့ ရေပေးဝေရေးတစ်စိတ်တစ်ပိုင်းပံ့ပိုးပေးနေသည့် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၃၆ ပေ၊ တမံအလျား ပေ ၄၀၆၀၊ ရေဆင်းဧရိယာမှာ ၁၁ စတုရန်းမိုင်ရှိပြီး ကုန်းကျောတမံ၏ ကန်ရေအပြည့် အမှတ် Full Tank Level အထက်တွင် မြေသားသုံးပေမှာ မြေငလျင်ဒဏ်ကြောင့် မြေသားများ ကျိုးပြတ်ပြိုကျအက်ကွဲမှု (Failure) ဖြစ်ပေါ်လျက်ရှိသဖြင့် သက်ဆိုင်ရာမှ ယာယီရေတားတမံအဖြစ် အဆိုပါရေတားတမံ၏ အောက်တွင် ကုန်းကျောတမံ အသစ်တစ်ခု တည်ဆောက်ကာ ဒုတိယကုန်းကျောတမံ နေရာတွင် တာထောက်၍ တာပြန်ဖို့ခြင်းလုပ်ငန်းများကို ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် တမံကျိုးပေါက်နိုင်မှု အန္တရာယ် လုံးဝမရှိသည်ကို စစ်ဆေးတွေ့ရှိပါကြောင်း သိရသည်။

**စိုးရိမ်ဖွယ်ရာမရှိ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ်ရှိ မြို့ရေပေးဝေရေး အကူဆည်တစ်ခုဖြစ်သည့် ရေငန်တမံကိုလည်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ အဆိုပါ ရေငန်းတမံသည် မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့်ပေ ၃၀၊ တမံအလျား ပေ ၁၀၀၀၊ ရေဆင်းဧရိယာမှာ ဧက ၁၂၀၀ ရှိပြီး တမံ၏ထိပ်ပြင်အပိုင်းတွင် အက်ကြောင်းများ ဖြစ်ပေါ်ခြင်း ရေထုတ်ပြွန်အနီး တမံ၏ အပြင်ဘက်အပိုင်းအချို့မှာ ငလျင်ဒဏ်ကြောင့် ကျိုးပြတ်အက်ကွဲမှုများ ဖြစ်ပေါ်ခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက တမံအတွင်းမှ ရေဖိအား လျော့နည်းစေရေး လေးပေခန့် ရေထုတ်လျှော့ချပြီး ပြုပြင်ရေး လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ်ရှိ ချောင်းမကြီးရေလှောင်တမံသို့ ရောက်ရှိရာ တာဝန်ရှိသူများက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဆည်/တမံဆိုင်ရာ အချက်အလက်များ၊ တမံများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် ငလျင်ဒဏ်ကြောင့် တမံပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး ဆည်/တမံများ၏ ကြံ့ခိုင်မှုများကို စနစ်တကျ စစ်ဆေးရန်နှင့် လိုအပ်ပါက တမံအောက်ခြေသို့ တပ်မတော်(ရေ)မှ ကျွမ်းကျင်ရေငုပ်စစ်သည်များနှင့် ရေအောက်ကင်မရာများ အသုံးပြု၍ စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊ နေပြည်တော် ကောင်စီ နယ်မြေအတွင်းသို့ သောက်သုံးရေများ ဖြန့်ဝေပေးသည့် တမံများဖြစ်သည့်အတွက် တမံများ ကျိုးပေါက်မှုမရှိစေရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး စနစ်တကျစီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ ဖွင့်လှစ်ထားရှိသည့် ယာယီဆေးရုံ (ပေါင်းလောင်း)၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သားပြည်သူများအား သွားရောက်ကြည့်ရှု၍ ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများ၊ ရောဂါသက်သာပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံမေးမြန်းကာ အားပေးစကား ပြောကြားသည်။

အဆိုပါ ယာယီဆေးရုံ (ပေါင်းလောင်း)ကို တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ ဆေးကုသမှုပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ မေ့ဆေးပါရဂူ၊ ရောဂါဗေဒနှင့် ဓာတ်မှန်ပါရဂူ၊ ဆေးဝါးဗေဒပါရဂူ၊ ပြည်သူ့ကျန်းမာရေး ပါရဂူ၊ ဆေးမှူးများ၊ သူနာပြုအရာရှိ၊ စစ်သည်များနှင့်အတူ ရွေ့လျားခွဲစိတ်ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်များ၊ လိုအပ်သော ဆေးဝါးပစ္စည်းကိရိယာတို့ဖြင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများနှင့် အခြားလူနာများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို နေ့/ည မပြတ် ကြပ်မတ်ကုသပေးလျက်ရှိသည်။ ယနေ့အထိ အရေးကြီးလူနာ ၃၆ ဦးနှင့် ပြင်ပလူနာ ၆၀ တို့အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်သည်။ ထို့အပြင် အဆိုပါ ယာယီဆေးရုံ (ပေါင်းလောင်း)၌ ဘူတန်နိုင်ငံ ဘုရင်က စေလွှတ်ပေးသည့် ဘူတန်ဆေးကုသရေးအဖွဲ့ဝင် ၄၀ ကလည်း လိုအပ်သောဆေးဝါးပစ္စည်းများနှင့်အတူ ပူးပေါင်းပါဝင်၍ လိုအပ်သည့် ဆေးကုသခြင်းများ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ဘူတန်ဆေးကုသရေးအဖွဲ့သည် သီးခြားယာယီဆေးရုံ တည်ဆောက်လျက်ရှိပြီး ငလျင်ဒဏ်သင့် လူနာများအား လူသားချင်းစာနာ ထောက်ထားမှုဖြင့် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်။**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းရုံး(MCI)အဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် လျှော်ဘေးသင့် ဝန်ထမ်းနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြား

နေပြည်တော် မေ ၃

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဝန်ကြီးရုံး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ လျှော်ဘေးသင့် ဝန်ထမ်းနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြား၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်အတွင်းရှိ တိုက်အမှတ် (၃၃၅၂) အနီးနှင့် ဉာဏသိဒ္ဓိဓမ္မာရုံတို့တွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၂၃၁ စု၊ ပုဗ္ဗသီရိမြို့နယ် ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနစုတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၃၅ စု စုစုပေါင်း အိမ်ထောင်စု ၂၆၆ စုတို့အား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ လျှော်ဘေးသင့် အိမ်ထောင်စုတစ်စုချင်းစီအတွက် ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ၊ ရေသန့်၊ ခြတ်ဆား၊ ကိတ်ခြောက် စသည့် လူသုံးကုန်ပစ္စည်းများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာ စသည့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထိုသို့တွေ့ဆုံအားပေးစဉ် ပြည်ထောင်စုဝန်ကြီးသည် ယာယီပြောင်းရွှေ့နေထိုင်မည့်နေရာများသို့ ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ပစ္စည်းများ ပြောင်းရွှေ့ရာတွင် စနစ်တကျဖြစ်စေရေး ကူညီသယ်ယူပို့ဆောင်ပေးနေမှု၊ လုံခြုံမှုရှိစေရေး၊ သောက်ရေနှင့် သုံးရေရရှိရေး၊ ဆက်သွယ်မှုမပြတ်တောက်စေရေးနှင့် ယာယီပြောင်းရွှေ့နေထိုင်မည့်နေရာများတွင် နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ကူညီဖြည့်တင်းပေးရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရဲတင့် လျှော်ဒဏ်ခံပြည်သူများအား တွေ့ဆုံအားပေး

နေပြည်တော် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့သို့ ရောက်ရှိပြီး လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် လျှော်ဒဏ်ခံပြည်သူများအား တွေ့ဆုံအားပေးသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကွယ်လွန်သွားသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ရောက်ရှိပြီး တိုင်းဒေသကြီးဦးစီးမှူးနှင့်အတူ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနခွဲမှ ဝန်ထမ်းများနှင့် စစ်ကိုင်းဇုန်နယ်ထပ်ဆင့်လွှင့်စက်ရုံများမှ ဇုန်နယ်မှူး၊ သတင်းနှင့်စာနယ်ဇင်း၊ မန္တလေးကိုယ်ပွားသတင်းစာတိုက်တာဝန်ခံနှင့် ဝန်ထမ်းများ၊ စာပေဗိမာန်စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အထက်မြန်မာပြည် ပုံနှိပ်တိုက်ခွဲသို့ရောက်ရှိပြီး စက်ပစ္စည်းများနှင့် စက်ရုံအဆောက်အအုံအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။



ထို့နောက် ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့်တွေ့ဆုံအားပေးအမှာစကားပြောကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများအား အနုပညာရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများအား Bo Bo Entertainment Co., Ltd. နှင့် အနုပညာရှင်များ၊ အလှူရှင်များစုပေါင်း၍ ဆန်၊ ကြက်ဥ၊ ငါးသေတ္တာ၊ အသင့်စား ခေါက်ဆွဲခြောက်ထုပ်များ၊ ပေါင်မုန့်၊ ကိတ်ခြောက်၊ ရေသန့် စသည့် စားသောက်ဖွယ်ရာများကို ယနေ့နံနက်ပိုင်းက ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရာနေရာများသို့ သွားရောက်လှူဒါန်းသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာသို့သွားရောက်၍ လျှော်ဘေးသင့် ဝန်ထမ်းမိသားစုများအား စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ပြီး အလားတူ အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ ပျဉ်းမနားမြို့ပေါ်ရှိ လျှော်ဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

## လှူဒါန်း

ယနေ့ လှူဒါန်းရာတွင် ဆန်အိတ် ၇၀၀ ကျော်နှင့် ကြက်ဥ၊ ငါးသေတ္တာ၊ အသင့်စား ခေါက်ဆွဲခြောက်ထုပ်များအပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၇၀၀ ကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား လှူဒါန်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာမှ ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးများနှင့် ကယ်ဆယ်ရေး ဆေးကုသမှုအဖွဲ့များ နေပြည်တော်သို့ ထပ်မံရောက်ရှိ

နေပြည်တော် မေ ၃

လျှော်ဘေးသင့် ဒေသများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးများနှင့် ကယ်ဆယ်ရေး ဆေးကုသမှု အဖွဲ့များသည် လေကြောင်း ခရီးများဖြင့် နေပြည်တော် တပ်မတော်လေဆိပ်သို့ ထပ်မံရောက်ရှိလာကြသည်။

ယနေ့ မွန်းလွဲပိုင်းမှစတင်၍ တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများနှင့် ဆေးဝါးများ၊ အင်ဒိုနီးရှားနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ပစ္စည်းများနှင့် ဆေးဝါးများ၊ ကူညီကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များသည် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါအဖွဲ့များသည် လျှော်ဘေးသင့်ဒေသများရှိ ပြည်သူများအား အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း၊ ဆေးဝါးကုသမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထိုသို့ ရောက်ရှိလာကြသည့် ကယ်ဆယ်ရေးနှင့် ဆေးကုသမှုအဖွဲ့များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်နှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံရေးပါတီ ( ၂၉ ) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ ( ၂၉ ) ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**
**၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ( ၆ ) ရက်**
**၂၀၂၅ ခုနှစ်၊ ဧပြီလ ( ၃ ) ရက်**

၁။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ( ၂ ) ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ကြေညာခဲ့ပါသည်။

၂။ အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက် အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း (၂၂)ကြိမ် ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

(ခ) လက်ရှိအချိန်တွင် မတ် ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သောမြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ရှားမှုကြောင့် ငလျင်ဒဏ်သင့်ဒေသများ၌ လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူများ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုကဲ့သို့သော ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

(ဂ) ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား စာနာထောက်ထား နားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်လိုက်သည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိသော "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ"ကို အားပေးထောက်ခံပါကြောင်း၊ ၂.၄.၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်သည့် "ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်"ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် ၎င်းဆောင်ရွက်ချက်များမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်လိမ့်မည်" ဟု ယုံကြည်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းငွေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဒေါ်တင်တင်ရီ | ဥက္ကဋ္ဌ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၁။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၂။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၄။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၆။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၇။ | ဦးခိုင်မင်း | ဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၈။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၉။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီးအမျိုးသားပါတီ | |
| ၂၀။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၂၁။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၂။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၃။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၄။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၅။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၆။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၇။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |
| ၂၈။ | ဦးမင်းသူ | ဥက္ကဋ္ဌ | ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ | |
| ၂၉။ | ဒေါက်တာခင်မောင်ဦး | ဥက္ကဋ္ဌ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဥပဒေရေးရာဝန်ကြီးဌာန ယာယီရုံးခန်း လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၃**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရုံးအမှတ်(၂၅) ဥပဒေရေးရာဝန်ကြီးဌာန အဆောက်အအုံပြင်ပတွင် ယာယီရုံးခန်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ယာယီရုံးခန်းအား ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ယာယီရုံးခန်းတွင် ဝန်ကြီးဌာန ဦးစီးဌာနအသီးသီး၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ယာယီနေထိုင်သူများ နေထိုင်စားသောက်မှု အဆင်ပြေစေရန် အလှူရှင်များက လှူဒါန်းသော ထမင်း၊ ဟင်းများနှင့် အသုံးအဆောင်ပစ္စည်းများအား လက်ခံရယူ၍ ဝန်ထမ်းနှင့် မှီခိုသူများထံ ပေးဝေခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ကားဝင်းအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းများနှင့် မှီခိုသူများ ယာယီစုစည်းထားရှိသည့်နေရာ၌ မိသားစုဝင်များ နေထိုင်နိုင်ရန် ယာယီစခန်း ဆောက်လုပ်ပေးနေမှုများ၊ မိသားစုဝင်များ၏ နေထိုင်စားသောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ငလျင်ဘေးသင့် ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်



**နေပြည်တော် မေ ၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများအား ယာယီနေထိုင်နိုင်ရန်အတွက် ဥတ္တရသီရိမြို့နယ် နေပြည်တော် ဗဟိုသင်တန်းကျောင်းတွင် ဝန်ထမ်းနှင့် မှီခိုမိသားစုဦးရေ စုစုပေါင်း ၅၆၈ ဦးကို လည်းကောင်း၊ ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေအားလျှပ်စစ်ဝင်းတွင် ဝန်ထမ်းနှင့် မှီခိုမိသားစုဦးရေ စုစုပေါင်း ၁၉၅ ဦးကို လည်းကောင်း ယာယီစုစည်း၍နေရာချထားပေးထားရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဗဟိုသင်တန်းကျောင်းသို့သွားရောက်၍ အလှူရှင်များက ပေးပို့လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗဟိုသင်တန်းကျောင်းဝင်းအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများအား ယာယီနေရာချထားမှု၊ နေထိုင်စားသောက်မှု၊ ရေသုံးစွဲနိုင်ရေးစီစဉ်ထားရှိမှုနှင့် မီးဖိုချောင်၊ မိုဘိုင်းအိမ်သာ တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို ထမင်းဘူးများနှင့် သောက်ရေသန့်ဘူးများအား ဝေငှပေးပြီး အလှူရှင်များက လာရောက်လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများအား လက်ခံရယူ၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမြင့်စိုး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာရေပေးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စုအတွင်းရှိတောင်ညိုကျေးရွာ၊ ကြီးပွားကျေးရွာ၊ ကျောင်းစုကျေးရွာ၊ ဆယ်သိန်းကျေးရွာ၊ သက်မွေးစုကျေးရွာ၊ ပြည်တော်လင်းကျေးရွာ၊ ငွေးပင်ရိုးကျေးရွာများမှ ငလျင်ဘေးသင့်ပြည်သူများအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် အထိုင်ချပြီး သောက်သုံးရေများ သန့်စင်ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မရမ်းခုံကျေးရွာဘုန်းကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းဝင်းအတွင်း နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ထားသော အမြင့်တင်ရေစင် ပျက်စီးမှုနှင့် ရေတွင်းအား ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ပျက်စီးမှုများအား အမြန်ပြန်လည် ပြုပြင်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်းသို့ သွားရောက်ပြီး ပေါင်းလောင်းရပ်ကွက်နှင့် ဥယျာဉ်စုရပ်ကွက်တို့မှ ငလျင်ဘေးသင့်ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေဂါလန် ၁၀၀၀ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးနှင့် စစ်ကိုင်း သွားလာမှုလွယ်ကူအဆင်ပြေစေရေးအတွက် မြစ်ကူး ကူးတို့ခရီးစဉ်များ အခမဲ့ပြေးဆွဲခြင်းကို နေ့စဉ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၃**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော ပြင်းထန် ငလျင်ဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တို့အား ဆက်သွယ်ထားသည့်ရေဝတီမြစ်ကူးစစ်ကိုင်းတံတား(အင်းဝ)၏ ခုံးတံတားသံပေါင် ခြောက်ခု ပျက်စီးပြီး မြစ်အတွင်းသို့ ပြိုကျသွားခြင်း၊ အလားတူပင် စစ်ကိုင်းတံတားအသစ်သည်လည်း တံတားပေါ်နှင့် ချဉ်းကပ်လမ်းများ၌ ပျက်စီးမှုအချို့ဖြစ်ပေါ်သဖြင့် ဖြတ်သန်းခွင့်ကန့်သတ်ချက်များ ရှိနေခြင်းတို့ကြောင့် လူနှင့် ယာဉ်များ ဖြတ်သန်း သွားလာရေးအတွက် အခက်အခဲ ကြုံတွေ့နေရသည်။

အဆိုပါ အခက်အခဲအား အမြန်ဆုံး ဖြေရှင်းနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မတ် ၃၁ ရက် နံနက်ပိုင်းမှ စတင်၍ မန္တလေး (ရွှေကြက်ယက်)ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် “ပြဒါးရှင်”နှင့် “ပြည်သူ” ရေယာဉ်များဖြင့် ခရီးသည်များ အခမဲ့ပို့ဆောင်ပေးခြင်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏စီမံကွပ်ကဲမှုဖြင့် ဒေသအတွင်းရှိ ပုဂ္ဂလိကပိုင် “Hey day”၊ “ရွှေဝါလှိုင်”နှင့် “သူရိန်ကျော်စိုးဝင်း”ကုန်တင်တွဲဆွဲရေယာဉ်ကြီးများဖြင့် ကုန်တင်မော်တော်ယာဉ်ကြီးများနှင့်ကယ်ဆယ်ရေးယန္တရားအခမဲ့ယာဉ်ကြီးများအား မြစ်ကူးပို့ဆောင်ခြင်းကို နေ့စဉ် အခမဲ့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ မြစ်ကူးပို့ဆောင်ခြင်းဖြင့် မတ် ၃၁ ရက်မှ မေ ၂ ရက်အထိ သုံးရက်အတွင်း စုစုပေါင်း ခရီးသည် ၇၉၄ ဦး၊ ကုန်တင်ယာဉ်ကြီး/ယန္တရား စီးရေ ၃၅၃ စီး၊ မော်တော်ယာဉ်ငယ် ၁၃၈ စီးနှင့် ဆိုင်ကယ် ၁၂ စီးတို့အား သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် မြစ်ကူးပို့ဆောင်ရေး လိုအပ်ချက်ရှိသည့်အတိုင်း ဆက်လက်၍ အခမဲ့ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုနှင့် ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံအားပေး

နေပြည်တော် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့တွင် နေပြည်တော်၊ တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုနှင့် ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Block C တွင် လေကာမှန်များ ကွဲအက်ပျက်စီးမှု၊ မျက်နှာကြက်များ ပြိုကျပျက်စီးမှု၊ နံရံများတွင် အက်ကြောင်းများ ဖြစ်ပေါ်မှုနှင့် Waiting Room တွင် နံရံများကွဲအက်ပျက်စီးမှုတို့အား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Auditorium ခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကျင်းပရာ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဆိုင်ရာ ဖြစ်ပွားမှု၊ ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်မှု မှတ်တမ်း video clip ကို ဦးစွာ ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများသည် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ထပ်တူခံစားမှုဖြင့် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်သတ်မှတ်မှုတွင် ပါဝင်လှုပ်ရှားမှုအဖြစ် ဥဩဆွဲ၍ တစ်မိနစ်ငြိမ်သက်စွာ အလေးပြုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုရန်နှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အမျိုးသမီးဝန်ထမ်းတစ်ဦးသာ(မစိုးရိမ်ရ) ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အခြားထိခိုက်ဒဏ်ရာရမှုမရှိသည့်အတွက် ဝမ်းသာရကြောင်း၊ ထုတ်လွှင့်မှုပိုင်းဆိုင်ရာများ ထိခိုက်ချို့ယွင်းမှုမရှိသည့်အပြင် ဝန်ထမ်းများက ထိန်းသိမ်းဆောင်ရွက်နိုင်မှုကြောင့် စဉ်ဆက်မပြတ် ထုတ်လွှင့်နိုင်မှုအပေါ်လည်း ချီးကျူးဂုဏ်ပြု အသိအမှတ်ပြုပါကြောင်း၊ ငလျင်ဒဏ်သင့်ဒေသများ အလိုက် ဖြစ်ပွားမှု၊ ရှာဖွေကူညီမှုနှင့် ကယ်ဆယ်ရေးဆောင်ရွက်မှု၊ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို အချိန်နှင့် တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရန်အပြင် မှတ်တမ်းပြုစုဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ငလျင်ကြီး လှုပ်ခတ်ပြီးတိုင်း နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်လေ့ရှိရာ ၎င်းအပေါ် ဝန်ထမ်းများအနေဖြင့် စိုးရိမ်မှုလွန်ကဲရန်မလိုဘဲ သတိ၊ ဉာဏ်ပညာဖြင့် ဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း၊ အင်အားပြင်း ငလျင်ဒဏ်ကြောင့် ယနေ့အထိ သေဆုံးမှု ၃၁၄၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိမှု ၄၅၈၉ ဦး၊ ပျောက်ဆုံးနေသူ ၂၂ ဦးရှိသည့်အပြင် ရှေးဟောင်းစေတီပုထိုးများ၊ အဆောက်အအုံများ၊ မီးရထားလမ်းများနှင့် ကားလမ်းများ ထိခိုက်ပျက်စီးမှုများစွာ ဖြစ်ပေါ်ခဲ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၊ မိုခါမုန်တိုင်း၊ ရာဂီဆိုင်ကလုန်းမုန်တိုင်းများကို အစိုးရနှင့်ပြည်သူစုပေါင်းအားဖြင့် အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပြီး မူလအခြေအနေထက် သာလွန်ရောက်ရှိအောင် အမြန်ဆုံးကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်အပေါ် သင်ခန်းစာများ ဖော်ထုတ်ရယူပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကျော်ဖြတ်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိရာ ကမ္ဘာကြီးကို ကျရာကဏ္ဍမှပိုင်းဝန်းထိန်းသိမ်းပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ မှာကြားချက်ဖြစ်သော "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"ဆိုသည့်အတိုင်း ပြည်တွင်းရှိအင်အားစုများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်း၍ လူ့အသက်ပေါင်းများစွာကို စွန့်လွှတ်စွန့်စားစွာကယ်ဆယ်ပေးနေမှုများကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ငလျင်ဘေးဒဏ်ကို အထိုက်အလျောက်ခံစားခဲ့ရသော်လည်း သတင်းနှင့်အစီအစဉ်များကို ပုံမှန်ကဲ့သို့ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးနိုင်ခဲ့သလို စဉ်ဆက်မပြတ် ထုတ်လွှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အရေးကြီးဖြစ်စဉ်များကို ပြည်တွင်းပရိသတ်များအပြင် နိုင်ငံတကာသို့သိရှိနိုင်ရန် ကြိုးပမ်းထုတ်လွှင့်ပေးနိုင်ခြင်းအပေါ် ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်ပြီးလည်း တာဝန်သိစိတ်၊ တာဝန်ယူစိတ်တို့ဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။



ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များအတွက် ငွေကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Block C Lobby တွင် ပြင်ပမှ လာရောက်တာဝန်ထမ်းဆောင်ကြသော ဒေသခံဝန်ထမ်းများနှင့် တွေ့ဆုံပြီး အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် Auditorium ခန်းမ ညာဘက်လျှောက်လမ်းနှင့် News Studio လျှောက်လမ်းတို့တွင် မျက်နှာကြက်များ ပြိုကျပျက်စီးမှုများအားလည်းကောင်း၊ ရေဒီယိုနှင့် ဓာတ်ပြားထိန်းသိမ်းရေးဌာနစိတ်တွင် ဓာတ်ပြားများနှင့် တိပ်ခွေများ ပျက်စီးမှုများနှင့် ဆယ်တင်ထိန်းသိမ်းမှုအားလည်းကောင်း၊ ရေဒီယိုတိုင်းရင်းသားအစီအစဉ် တည်းဖြတ်ခန်း (Audio Work Station)တွင် မျက်နှာကြက်များ ပြိုကျပျက်စီးမှုအားလည်းကောင်း၊ ပင်မအဆောက်အအုံခေါင်မိုးပေါ်သို့ တက်ရောက်၍ မျက်နှာကြက်ပျက်စီးမှု၊ Auditorium ခန်းမအပေါ်တွင် အနားသတ်ဝရန်တာများ ပြိုကျပျက်စီးမှုနှင့် နံရံများကွဲအက်ပျက်စီးမှုတို့အားလည်းကောင်း၊ ပေါင်းကူးတံတားလျှောက်လမ်းတွင် မျက်နှာကြက်များ ပြိုကျပျက်စီးမှုအားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပင်မအဆောက်အအုံရှိ Presentation 1 (On Air) ခန်းတွင် နံရံများကွဲအက်ပျက်စီးမှု၊ မျက်နှာကြက်များပြိုကျပျက်စီးမှု၊ Monitor TV များ လဲကျပျက်စီးမှုနှင့် လုပ်ငန်းခွင်မပျက်အောင် အစားထိုး စီစဉ်ဆောင်ရွက်မှုအားလည်းကောင်း၊ Convergence News Room၊ Conference Room နှင့် Training Room တို့တွင်လည်း နံရံများကွဲအက်ပျက်စီးမှုနှင့်မျက်နှာကြက်များ ပြိုကျပျက်စီးမှုတို့အားလည်းကောင်း၊ စိန်ရတုပြတိုက်တွင် လေကာမှန်များ ကွဲအက်ပျက်စီးမှု၊ မျက်နှာကြက်များ ပြိုကျပျက်စီးမှုနှင့် ခင်းကျင်းပြသထားသည့် ပစ္စည်းများပျက်စီးမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် MRTV Recreation Center တွင် ဝန်ထမ်းအိမ်ရာ တိုက်ခန်းများမှ လာရောက်နေထိုင်ကြသည့် ဝန်ထမ်းမိသားစု ၃၀ အား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းကာ အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ကလေးများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ ယာယီနေရာချထားနေထိုင်မှုများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အရာထမ်းအိမ်ရာ တိုက်(၁၈)နှင့် အမှုထမ်းအိမ်ရာ တိုက်(၂၃)သို့ သွားရောက်ပြီး ဝန်ထမ်းများနှင့် မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားပြောကြားကာ ၎င်းအိမ်ရာနေ ဝန်ထမ်းများနှင့် မိသားစုများအတွက် စားသောက်ဖွယ်ရာများအားလည်းကောင်း၊ ကလေးများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကိုလည်းကောင်း၊ ဆောင်ရွက်ပြီး အဆောက်အအုံပျက်စီးမှုများအား လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများအတွက် အသုံးပြုလျက်ရှိသည့် ရေစုကန်နှင့် ရေစစ်ကန်များသို့ သွားရောက်ကြည့်ရှုပြီး ရေပြတ်တောက်မှု မရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်၍ အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် တာဝါတိုင်၊ ဂြိုဟ်တုဆက်သွယ်ရေး၊ Aircon စနစ်များနှင့် Studio များ ထိခိုက်မှုမရှိသော်လည်း ပင်မအဆောက်အအုံ၊ စိန်ရတုပြတိုက်နှင့် ဝန်ထမ်းအိမ်ရာများတွင် လေကာမှန်များကွဲအက်ခြင်း၊ မျက်နှာကြက်များ ပြိုကျခြင်း၊ အင်္ဂတေနံရံများ ကွဲအက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အပြင် ထုတ်လွှင့်မှုထိန်းချုပ်ခန်းနှင့် သက်ဆိုင်ရာအလိုက် အသုံးပြုလျက်ရှိသည့် TV များ ၊ Computer များနှင့် ပရိဘောဂများ ထိခိုက်ပျက်စီးခဲ့သော်လည်း အစားထိုး ပြုပြင်အသုံးပြုခြင်းဖြင့် ထုတ်လွှင့်မှုမပျက်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုများအား တပ်မတော်သားမိသားစုဝင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၃

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းငလျင်လှုပ်ခတ်မှုနှင့် နောက်ဆက်တွဲငလျင်များကြောင့် နေပြည်တော်ကောင်စီနယ်မြေရှိ ဝန်ထမ်းအိမ်ရာအချို့ ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား တပ်မတော်သား မိသားစုများ၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ ထွက်ရှိသော စားသောက်ဖွယ်ရာများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ကံ့ကော်အိမ်ရာသို့ သွားရောက်လှူဒါန်းကြသည်။

ဦးစွာ တပ်မတော်မှ အရာရှိ၊ စစ်သည်၊ မိသားစုများက ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား သွားရောက်အားပေးစကား ပြောကြားကြသည်။ ထို့နောက် တပ်မတော်သားမိသားစုများ၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှထွက်ရှိသော စားသောက်ဖွယ်ရာများကို ဝန်ထမ်းများနှင့် မိသားစုဝင်များအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဘေးသင့်ဝန်ထမ်းများအား သွားရောက်တွေ့ဆုံ အားပေးစကားပြော

**နေပြည်တော် မေ ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ငလျင်ကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုများအား သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘေးသင့်ဝန်ထမ်းမိသားစုများအတွက် ဆန်အိတ် ၁၄၀၀၊ ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းမိသားစုများအား စိတ်ဓာတ်ကြံ့ကြံ့ခံနိုင်ရန် လိုကြောင်း၊ လိုအပ်သည်များကို တတ်နိုင်သမျှ အမြန်ဆုံး ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးဦးစီးဌာနမှ ပထမအကြိမ် မေးခိုင်ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်၍ သတ်မှတ်ကာလအတွင်း မေးခိုင်ကာကွယ်ဆေး ထိုးနှံရန် လိုအပ်ကြောင်း နွေးနွေးထွေးထွေး အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ အိမ်ရာအနီး ယာယီနေထိုင်မှုများကို လိုက်လံကြည့်ရှု အားပေးပြီး သတိဝီရိယဖြင့် နေထိုင်ကြရန်၊ သောက်ရေသုံးရေများ ကျန်းမာရေးနှင့်ညီညွတ်အောင် အသုံးပြုနိုင်ရေး ဂရုပြုဆောင်ရွက်သွားကြရန်၊ လုံခြုံရေးဂရုပြုဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးမြို့ရှိ ငလျင်ဘေးသင့်ဝန်ထမ်းများအား သွားရောက်တွေ့ဆုံ

**နေပြည်တော် မေ ၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ ဆပ်ပြာစက်ရုံ(မန္တလေး)မှ စက်ရုံမှူးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျောက်ပြားစက်ရုံ(စကျင်)တို့မှ ဝန်ထမ်းများအားလည်းကောင်း သီးခြားစီတွေ့ဆုံသည်။




**အားပေးစကား ပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် ပတ်သက်ပြီး တတ်ကျွမ်းနားလည်သည့် ဆရာ ဆရာမများမှ ပျက်စီးခဲ့မှုများကို ဦးစွာစစ်ဆေး၍ အန္တရာယ်ရှိ၊ မရှိစစ်ဆေးသွားရန်၊ ပျက်စီးမှုအခြေအနေကို အသေးစိတ်ပြုစု၍ စနစ်တကျမှတ်တမ်းထားရှိရန်၊ ဝန်ထမ်းတစ်ဦးချင်း ကျန်းမာရေးကောင်းမွန်အောင် စနစ်တကျနေထိုင်ရန်၊ ပျက်စီးသွားသည့် အဆောက်အအုံများသည် အန္တရာယ်ဖြစ်ပေါ်နိုင်ပါက သတိပေးဆိုင်းဘုတ်များ တပ်ဆင်ချိတ်ဆွဲထားရန်၊ ယခုပျက်စီးခဲ့မှုအခြေအနေနှင့်ပတ်သက်၍ နောင်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများသိရှိနိုင်ရေးအတွက် ဓာတ်ပုံမှတ်တမ်းများနှင့်အတူ စနစ်တကျမှတ်တမ်းတင်ထားရန်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထုတ်ပြန်သည့် သတင်းအချက်အလက်၊ အမိန့်၊ ညွှန်ကြားချက်များကို အမြဲမပြတ်လေ့လာဖတ်ရှု၍ လိုက်နာဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်း ၅၆ ဦး၊ ဆပ်ပြာစက်ရုံ(မန္တလေး)မှ ဝန်ထမ်း ၄၃ ဦး၊ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်း ၈၇ ဦး၊ ကျောက်ပြားစက်ရုံ(စကျင်)မှ ဝန်ထမ်းကိုးဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၉၅ သိန်း၊ ဝန်ထမ်းမိသားစုဝင်လေးဦး သေဆုံးခဲ့သည့်အတွက် တစ်ဦးလျှင် ခုနစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၈ သိန်း စုစုပေါင်း ငွေကျပ် ၂၂၃ သိန်းနှင့် အသင့်စားခေါက်ဆွဲများ၊ ဆီများ၊ အာဟာရမုန့်များကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ငလျင်ဘေးဒဏ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၃**

ပညာရေးဝန်ကြီးဌာန၏ ငလျင်ဘေးဒဏ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် ပြင်းထန်သည့် ငလျင်ဒဏ်ကြောင့် ပညာရေးဝန်ကြီးဌာနရှိ သက်ဆိုင်ရာ ဦးစီးဌာနအလိုက် ပျက်စီးဆုံးရှုံးခဲ့သည့် နောက်ဆုံးအခြေအနေများကို သတ်မှတ်ထားသည့် စာရင်းဇယားပုံစံဖြင့် စနစ်တကျကောက်ယူကြရမည်ဖြစ်ကြောင်း၊ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုနေထိုင်သည့် အခန်းအလိုက်၊ တိုက်အလိုက်၊ တက္ကသိုလ်နှင့် ကျောင်းများအလိုက် စနစ်တကျပြုစုကြရမည်ဖြစ်ကြောင်း၊ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရာနေရာများတွင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကူးစက်ရောဂါမဖြစ်ပွားစေရေး၊ ရေမီးအဆင်ပြေစေရေးနှင့်စားဝတ်နေရေး အဆင်ပြေစေရေးတို့အတွက် သက်ဆိုင်ရာဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက ငလျင်ဘေးဒဏ်ဆိုင်ရာ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘိုကလေးမြို့နယ်မှ ငလျင်ဘေးသင့်ဒေသများသို့ လှူဒါန်းကူညီရန် ထွက်ခွာ

**ဘိုကလေး မေ ၃**

ပြင်းထန်ငလျင်ဘေးအား ကြုံတွေ့ခဲ့ရသည့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မှ ရဟန်း၊ ရှင်လူ၊ ပြည်သူများအား ကူညီကယ်ဆယ်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ မေတ္တာဝါဒီပရဟိတဖောင်ဒေးရှင်း အသင်းသားများ၊ သုတစမ္မအဖွဲ့သားများ ပူးပေါင်း၍ ငလျင်ဘေးလွန်ရက်ပိုင်းအတွင်း ဒေသတွင်း အလှူခံထွက်ရှိခဲ့ပြီး ရရှိခဲ့သော အလှူငွေများအား ကူညီလှူဒါန်းနိုင်ရန် ယနေ့နံနက်ပိုင်းမှစတင်၍ ဘိုကလေးမြို့နယ်မှ မေတ္တာဝါဒီပရဟိတဖောင်ဒေးရှင်းဦးဆောင်ဆရာတော် အရှင်သူရိယနှင့် မြတ်ရတနာဆရာတော်(ရန်ကုန်) ဘဒ္ဒန္တဇဋိလတို့က ငလျင်ဘေးသင့်ဒေသများသို့ စတင်ထွက်ခွာခဲ့ပြီ ဖြစ်သည်။

**လှူဒါန်းကူညီသွားမည်ဖြစ်**

လှူဒါန်းကူညီရန်အတွက် ဘိုကလေးမြို့နယ်မှ မေတ္တာဝါဒီပရဟိတဖောင်ဒေးရှင်းထံသို့ အများပြည်သူ လှူဒါန်းငွေပေါင်း ကျပ်သိန်းပေါင်း ၂၀၀ ကျော်နှင့် မြတ်ရတနာဆရာတော်(ရန်ကုန်) ဘဒ္ဒန္တဇဋိလ၏ အကျိုးတော်ဆောင်ပုဂ္ဂိုလ်ထံ လှူဒါန်းငွေပေါင်း ကျပ်သိန်း ၃၀၀ ကျော်ရှိပြီး ဆရာတော်နှစ်ပါးမှ ယခုအခါ ဘေးသင့်ဒေသများအား ကျပ်သိန်းပေါင်း ၅၅၀ ကျော် လှူဒါန်းကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ယခုနှစ်သင်္ကြန်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်အဖြစ် ကျင်းပသွားမည်

နေပြည်တော် ဧပြီ ၃

လက်ရှိကြုံတွေ့နေရသော ပြင်းထန်သည့်ငလျင်ဘေးအန္တရာယ်ကြောင့် နေပြည်တော်ကောင်စီ နယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ်တို့အတွင်း၌ ပြည်သူအချို့ သေဆုံးဒဏ်ရာရ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရပါသည်။

ထို့ကြောင့် တစ်နိုင်ငံလုံး ဝမ်းနည်းကြေကွဲနေရသောကာလဖြစ်ပါသဖြင့် ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန် ကို အပျော်အပါးသီဆိုကခုန်မှုများ မပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသော သင်္ကြန်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၃

မြန်မာနိုင်ငံတွင် ၂၈-၃-၂၀၂၅ ရက်နေ့က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတွင် ဧပြီ ၃ ရက်အထိ သေဆုံးသူ ၃၁၄၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၅၈၉ ဦးနှင့် ပျောက်ဆုံးသူ ၂၂၁ ဦး ရှိပါသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း/ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့် ဒေသများသို့ အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၆၂၆ ဦးအား ရှာဖွေပေးနိုင်ခဲ့ပါသည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း/ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ၃-၄-၂၀၂၅ ရက်နေ့တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံပေါင်း နှစ်နိုင်ငံမှ လေယာဉ်စင်း ရေသုံးစင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၁၅၄ ဒသမ ၁၇၅ တန် ဆိုက်ရောက်ခဲ့ပါသည်။

ပြည်တွင်း/ပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သိရသည်။

သတင်းစဉ်

## ငလျင်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၃

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် အင်အားပြင်းမြေငလျင်လှုပ်ရှားမှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့် တစ်ပြေးညီကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မဟာမုနိဘုရားကြီး၏ တန်ဆောင်းနေရာများ၊ ရင်ပြင်တော်နေရာနှင့် ကျုံးမြို့ရိုးနေရာများတွင် ပြိုကျပျက်စီးမှုအား ရှင်းလင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ရှိ လူနေအဆောက်အအုံများတွင် နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံသားများဘဏ်၌ နိုင်ငံ့ဝန်ထမ်းများအား ပင်စင်လစာများထုတ်ပေးခြင်း၊ ပြည်သူများ ငွေသွင်း/ ငွေထုတ်/ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနေမှုအခြေအနေများကို လည်းကောင်းသွားရောက် ကြည့်ရှုအားပေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ Mortuary ဌာနတွင် လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မန္တလေးမြို့ ibis Styles Hotel သို့သွားရောက်၍ ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါရူဟီ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ၍ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် လိုအပ်သည့်အကူအညီများ ပေးနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးစွာအမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါရူဟီ တို့သည် တာဝန်ရှိသူများနှင့်အတူ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော မန္တလေးတက္ကသိုလ်၊ ဦးလှသိန်းဗိမာန်၊ မစိုးရိမ်တိုက်သစ်၊ Sky Villa၊ နန်းမြို့ရိုး၊ နန်းမြို့အတွင်းရှိ ဗဟိုစည်၊ စွယ်တော်စင်နှင့် အမရပူရမြို့နယ် ဘုံးအိုကျေးရွာရှိ ဟာဂျီဦးလင်းဗလီနေရာများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ အေးရိပ်မွန်မိဘမဲ့ အမျိုးသမီးစောင့် ရှောက်ရေးကျောင်း၊ မန္တလေးတောင်ခြေရှိ ဇေယျာသီရိမိဘမဲ့စောင့်ရှောက်ရေး သီလရှင်ကျောင်းနှင့် မန်းတောင်ခြေဘိုးဘွားရိပ်သာများသို့သွားရောက်၍ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီးအတွင်း မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၆၅ မိုင်ရှိ ဆွာချောင်းတံတား၊ မိုင်တိုင် အမှတ် ၁၈၂ မိုင် ၆ ဖာလုံ၊ မိုင်တိုင်အမှတ် ၁၉၀ မိုင် ၂ ဖာလုံရှိ မှောက်ခုံချောင်းတံတား၊ မိုင်တိုင်အမှတ် ၁၈၃ မိုင် ၇ ဖာလုံနှင့် မိုင်တိုင်အမှတ် ၁၆၆ မိုင်တို့၌ လမ်း/တံတား ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်နေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိ မြို့နယ်တို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရေးအတွက် အစားအသောက်များ ချက်ပြုတ်၍ ထမင်း၊ ဟင်းများလှူဒါန်းခြင်း၊ စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၃

ငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စေတနာရှင် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များနှင့်အရာရှိ၊ စစ်သည်၊ မိသားစုများက အလှူငွေကျပ် ၃၈၃၈ သိန်းကျော်အား ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပါအဝင် ငလျင်ဘေး ထိခိုက်ခံစားရသူများအားလုံးကို ခွဲခြားဆက်ဆံမှုမရှိဘဲ သာတူညီမျှရှိစေရေး အလေးပေးဆောင်ရွက်ကြပါရန် တိုက်တွန်းပန်ကြား

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၂၅)**

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်နှင့် ယင်း၏ နောက်ဆက်တွဲငလျင်များကြောင့် များစွာသော အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှု၊ ပူဆွေးသောကရောက်မှုများအတွက် ပြည်သူလူထုတစ်ရပ်လုံးနှင့် ထပ်တူ စိတ်ထိခိုက်ဝမ်းနည်းကြေကွဲရပါသည်။

၂။ ငလျင်ဒဏ်ခံစားခဲ့ရသော ဒေသများတွင်တိုက်တာအဆောက်အအုံများ၊ လူနေအိမ်များ၊ အစိုးရရုံးများ၊ တက္ကသိုလ်များ၊ စာသင်ကျောင်းများ၊ ဘုရားပုထိုးစေတီများ၊ ဘာသာရေးအဆောက်အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများနှင့် လမ်းတံတား၊ ရေတွင်းရေကန်များ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ အဆိုပါ ငလျင်လှုပ်ခတ်မှုဖြစ်ပွားချိန်မှစတင်၍ နိုင်ငံတော်အစိုးရ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ပြည်တွင်း ပြည်ပ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များနှင့် မိဘပြည်သူများက အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်း၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများနှင့် ဆေးဝါးပစ္စည်းစသည်တို့ကို ရက်ရောစွာ ပေးအပ်လှူဒါန်းခြင်း၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ထောက်ပံ့ပေးခြင်းများသည် ထိခိုက်ခံစားရသူများအတွက် စိတ်ဓာတ်ခွန်အားနှင့် ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်လည်း ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် လက်တွဲကာ ငလျင်ဒဏ်သင့်ပြည်သူများကို ကူညီပံ့ပိုးရေးအတွက် တတ်နိုင်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့် လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့မှ ၂၂ ရက်နေ့အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခဲ့ခြင်းသည် ငလျင်ဒဏ်ခံစားရသည့် ဒေသများ၌ အရေးပေါ် လိုအပ်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးကူညီရန် ပိုမိုလွယ်ကူချောမွေ့စေခြင်း၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူ့အခွင့်အရေး အခန်းကဏ္ဍများကို အထောက်အကူဖြစ်စေခြင်းတို့ကြောင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ထုတ်ပြန်ချက်အား ကော်မရှင်က ကြိုဆိုအပ်ပါသည်။

၄။ ပြင်းထန်ငလျင်ဒဏ်ကြောင့် ပြည်သူများ၏ အသက်အန္တရာယ်နှင့် လုံခြုံမှုထိခိုက်ဆုံးရှုံးခြင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးပစ္စည်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သန့်ရှင်းသောရေအပါအဝင် အခြေခံလိုအပ်ချက်များ လုံလောက်မှုမရှိခြင်းနှင့်အတူ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရခြင်း စသည့် လူ့အခွင့်အရေးနှင့် ဆက်နွယ်သော စိန်ခေါ်မှုများ ဖြစ်ပေါ်စေပါသည်။ အဆိုပါ စိန်ခေါ်မှုများနှင့်ပတ်သက်၍ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများက လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရာတွင် ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ အပါအဝင် ငလျင်ဘေးထိခိုက်ခံစားရသူများအားလုံးကို ခွဲခြားဆက်ဆံမှု မရှိဘဲ သာတူညီမျှရှိစေရေး အလေးပေးဆောင်ရွက်ကြပါရန် လူ့အခွင့်အရေးရှုထောင့်မှ တိုက်တွန်းပန်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဧပြီ ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းလှူဒါန်းသော Hygiene Kit များကို သွားရောက်၍ ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လယ်ဝေးမြို့ ဝိသာခါ ပုဏ္ဏမိဂုဏ်ဝေသီလရှင်စာသင်တိုက်သို့လည်းကောင်း၊ သမဝါယမဦးစီးဌာနမှ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများ နေထိုင်သည့် လယ်ဝေးမြို့ မဟာစည်သာသနာ့ရိပ်သာသို့ လည်းကောင်း သွားရောက်ပြီး Hygiene Kit များကို ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဆရာဒကာကျောင်းဖြစ်သော ဒက္ခိဏာသီရိမြို့နယ် မှန်တောကျောင်းတိုက်သို့ သွားရောက်ကာ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် သပြေကုန်းဈေးရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား သောက်သုံးရေသန့် ဂါလန် ၁၆၀၀ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ငလျင်ဘေးဒဏ်ကြောင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများ၏ ရုံးအဆောက်အအုံပျက်စီးမှုနှင့် ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကျန်းမာရေးထိခိုက်မှုမရှိစေရေး ဂရုပြုဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## ဒုတိယဝန်ကြီး ဦးလွင်ဦး ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုများအား အစားအစာများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဧပြီ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တာဝန်ရှိသူများနှင့်အတူ ငလျင်ဘေးဒဏ်ထိခိုက်ခံစားခဲ့ရသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများရှိ ဝန်ထမ်းများနှင့် မိသားစုများအား ယနေ့သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ရေသန့်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ အားဖြည့်အချိုရည် စသည့် အစားအစာများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကုန်မျိုးစုံပါဝင်သော ဈေးကားခြောက်စီး ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချ

**နေပြည်တော် ဧပြီ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံ ပါဝင်သော ဈေးကားခြောက်စီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ သက်သာသောဈေးနှုန်းများဖြင့် မတ် ၃၀ ရက်မှစတင်ကာ အိမ်တိုင်ရာရောက် လှည့်လည် ရောင်းချပေးလျက်ရှိပြီး ယနေ့ ငါးရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။

မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာတို့ရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ-Export Quality) ၄၃၇၅ အိတ်၊ ဆန် ငါးပြည်ဆံ့(ဖျာပုံပေါ်ဆန်း) အိတ် ၃၂၀၊ ဆီ ပိဿာ ၆၉၀၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါအိတ် ၂၀၀၀၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၉၆၀၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၁၃၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လျှော်ဘေးသင့် ဝန်ထမ်းမိသားစုများအား လိုက်လံကြည့်ရှုအားပေး



နေပြည်တော် ဧပြီ ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနမှ လျှော်ဘေးသင့် ဝန်ထမ်းမိသားစုဝင်များအား သွားရောက်ကြည့်ရှုအားပေးပြီး ထောက်ပံ့မှုများ ဆောင်ရွက်ပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းအိမ်ရာများ၊ အဆောင်များတွင် ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများ ယာယီရွှေ့ပြောင်းနေထိုင်ရာ စုရပ်နေရာများဖြစ်သည့် တော်ဝင်ရတနာမူလတန်းကြိုကျောင်း၊ နန်းထိုက်ရတနာမူလတန်းကြိုကျောင်းနှင့် သဇင်(၃)အဆောင် (၈) မှ ဝန်ထမ်းနှင့် မိသားစုဝင်များ၊ နေပြည်တော် ကလေးပြုစုရေးဌာနရှိ ဆရာမများနှင့် ကလေးငယ်များအား အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထမင်းဘူး၊ မုန့်နှင့် သောက်ရေသန့်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းအိတ်များ ပေးဝေပြီး သေဆုံးသူ ဝန်ထမ်းမိသားစုဝင်နှင့်ဝန်ထမ်းများ၏ သက်ကြီးမိဘများအတွက် ထောက်ပံ့ငွေများပေးအပ်ကာ စုရပ်နေရာများတွင် ရေ/မီးရရှိ ရေး၊ နေပြည်တော်ကလေးပြုစုရေးဌာနရှိ ကလေးများအတွက် မိုးကာတဲများ ထပ်မံပေးပို့နိုင်ရေးတို့ကို ညှိနှိုင်းစီစဉ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း လျှော်ဘေးထိခိုက်ခံစားခဲ့ရသော ဝန်ထမ်းနှင့်မိသားစုဝင်များအား တွေ့ဆုံအားပေး

နေပြည်တော် ဧပြီ ၃

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လျှော်ဘေးထိခိုက်ခံစားခဲ့ရသော ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး အစားအသောက်၊ ခြင်ထောင်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ကာ ပြိုကျပျက်စီးနေသည့် အဆောက်အအုံများအတွင်း ထပ်မံဝင်ရောက်ခြင်း မပြုကြရန်၊ ဝမ်းရောဂါနှင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးအသိသတိဖြင့် နေထိုင်ကြရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေနန်းတော်ဟိုတယ်၌ နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် နေပြည်တော်အတွင်းရှိ ဟိုတယ်/တည်းခိုရိပ်သာများမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း/ပြည်ပမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ တည်းခိုနေထိုင်ရေးအဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း/ပြည်ပမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ လာရောက်ကူညီနိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းထားရှိပါကြောင်း၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် ဘေးသင့်ဒေသများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိခိုက်ပျက်စီးသွားသော အဆောက်အအုံများအတွင်း ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်ခြင်းမပြုကြရန်နှင့် ဘေးအန္တရာယ်ကင်းစွာနေထိုင်ကြရန်၊ လျှော်အန္တရာယ်ဆိုင်ရာ သတိပြုရန်ထုတ်ပြန်ချက်များအား သိရှိလိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ခွင့်ပြုချက်မရရှိသေးဘဲ အထပ်မြင့်ဟိုတယ်များအနေဖြင့် ဧည့်သည်များကို ဝန်ဆောင်မှုပေးခြင်းမျိုး ဂရုပြုရှောင်ကြဉ်ကြရန် လိုအပ်ပါကြောင်း၊ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များ၊ ဟိုတယ်/တည်းခိုရိပ်သာ လုပ်ငန်းလုပ်ကိုင်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဟိုတယ်/တည်းခိုရိပ်သာများမှ ထိခိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ဟိုတယ်များပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် တွေ့ကြုံနေရသည့်အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လျှော်ဘေးသင့်ဝန်ထမ်းများနှင့် ဆေးကုသမှုခံယူလျက်ရှိသည့်လူနာများအား ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၃

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့် ကျင်းပပြုလုပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအစည်းအဝေး တက်ရောက်ပြီး လမ်းတံတားများ အမြန်ဆုံး ပြန်လည်သွားလာနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိစေရေး၊ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီဖြန့်ဝေပေးနိုင်ရေး၊ လျှော်ဘေးသင့်ပြည်သူများအား ယာယီနေရာချထားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးတို့ကိုမှာကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး ဝန်ထမ်းအိမ်ရာသို့သွားရောက်၍ လျှော်ဘေးဒဏ်သင့် ဝန်ထမ်းနှင့်မိသားစုဝင်များ ယာယီထားရှိသည့် နေရာအား လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားပြီး ကြက်ဥ၊ ရေသန့်ဘူး၊ အချိုရည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် လျှော်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်ရှိ မဟာစည်ဘုန်းတော်ကြီးကျောင်းအဆောက်အအုံအား တပ်မတော်သားများက ကူညီကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာနှင့် ရေသန့်ဘူးများ ပေးဝေခဲ့ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းအိမ်ရာနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ ခရေအိမ်ရာသို့ သွားရောက်ကာ လျှော်ဘေးသင့်ပြည်သူများအား ဈေးကားဖြင့် ဆန်၊ ဆီနှင့် စားသောက်ကုန်များ ရောင်းချပေးနေမှုကို ကြည့်ရှု၍ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းတွင် ယာယီဆေးရုံဖွင့်လှစ်ကာ လျှော်ဘေးဒဏ်သင့်ပြည်သူများနှင့်အခြားပြင်ပလူနာများအား ဆေးကုသပေးနေမှုကို လိုက်လံကြည့်ရှု၍ လူနာများအား အားပေးစကားပြောကြားပြီး ဆေးကုသပေးနေသည့် ဆရာဝန်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသိရသည်။

သတင်းစဉ်

# ကန့်ကြီးထောင့်မြို့နယ်အတွင်းရှိ ကာရာအိုကေဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

ကန့်ကြီးထောင့် ဧပြီ ၃

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်အတွင်းရှိ ကာရာအိုကေဆိုင်များ၏ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းအား တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးသန်းစိုးလွင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဟိန်းဦးပိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးမိုးကိုလွင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် မြို့နယ်အတွင်းရှိ ကာရာအိုကေဆိုင်များ၏ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ ရေရှိရေးဆောင်ရွက်ထားရှိမှုများ၊ လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားမှုအခြေအနေများ၊ အခန်းများတွင် မီးသတ်ဆေးဘူး ထားရှိမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)








# မန္တလေးမြို့၌ ငလျင်ဒဏ်ခံရသူများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံက ကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

မန္တလေး ဧပြီ ၃

မန္တလေးမြို့တွင် မတ် ၂၈ရက်က ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ နံနက်ပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကူညီကယ်ဆယ်ရေးအဖွဲ့နှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ကျန်းမာရေးတာဝန်ခံ Dr. Belinsky Victor က မန္တလာသီရိအားကစားကွင်းတွင် အခြေပြုပြီး ခွဲစိတ်ဆောင်၊ ခတ်မှန်ဆောင်၊ ကလေးကုသဆောင်၊ စောင့်ကြည့်လူနာဆောင်များ ဖွင့်လှစ်ထားကြောင်း၊ လိုအပ်သည့် လူနာအခြေအနေအပေါ်မူတည်၍ ကုသရန်ပြင်ဆင်မှုများ ပြုလုပ်ပေးထားကြောင်း၊ လူနာများကိုလည်း နှစ်ပတ်ကြာ စောင့်ကြည့်ကုသပေးသွားမည်ဖြစ်ပြီး တစ်ရက်လျှင် လာရောက်ကုသသူ ၂၀ မှ ၃၀ ရှိကြောင်း၊ မိမိတို့သည် အဆွေတော်တို့နှင့် အတူတူရှိနေပြီး လိုအပ်သည့် အကူအညီတိုင်းကို ကူညီရန် အသင့်ရှိနေပါကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားမီးသတ်တပ်ဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး Mr.Dmitry က မြန်မာနိုင်ငံကို လွန်ခဲ့သည့်ရက်အနည်းငယ်က စတင်ရောက်ရှိခဲ့ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် ဝန်ကြီး အလက်ဇန္ဒရား ကူလွန်ကော့ဘာတို့၏ စေလွှတ်မှုနှင့်အတူ ရုရှားကယ်ဆယ်ရေးအဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး လတ်တလောတွင် မန္တလေးမြို့၌ နေရာများခွဲ၍ လိုအပ်သည့်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူအင်အား ၂၆၀ ဝန်းကျင်ဖြင့် အရေးကြီးလိုအပ်သည့် နေရာများကို ဦးစားပေး ကူညီဆောင်ရွက်လျက်ရှိပြီး အချို့နေရာများတွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသည်ဖြစ်သည့်အတွက် ပိုပြီးကောင်းလာရန်သာရှိပါကြောင်း၊ မိတ်ဆွေတို့အနေဖြင့် စိတ်ရှည်ရှည်ထား၊ အားတင်းထား၊ ရုရှားကယ်ဆယ်ရေး အဖွဲ့တွေက မြန်မာပြည်သူ ပြည်သားများ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ရောက်ရှိနေခြင်းဖြစ်ပါကြောင်း၊ အားလုံးအနာဂတ်တွင် ကောင်းမွန်သွားပါလိမ့်မည် အားတင်းထားပါဟု အားပေးပြောကြားသည်။

ဇာနည်ကိုကို

# ငလျင်ဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား နိုင်ငံတကာမှလာရောက်သည့်ဆေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၃

ကျန်းမာရေးဝန်ကြီးဌာနသည် ငလျင်ဘေးသင့်ဒေသများဖြစ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အရေးပေါ်ကျန်းမာရေစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ဆေးရုံကြီးများတွင် ရောဂါပြင်းထန်သည့် လူနာများအား အချိန်နှင့်တစ်ပြေးညီ အထူးကြပ်မတ်ကုသလျက်ရှိပြီး ပြည်သူ့ဆေးရုံကြီးများမှ ရောဂါဝေဒနာသက်သာသည့် လူနာများအား ငလျင်ဘေးသင့်လူနာများအတွက် ဖွင့်လှစ်ထားရှိသည့် ရောဂါကုသရေးစင်တာများသို့ လွှဲပြောင်းနေရာချထားကာ ရောဂါဝေဒနာသက်သာပျောက်ကင်းသည်အထိ ဆက်လက်ကုသပေးလျက်ရှိသည်။ ထို့ပြင် ငလျင်ကြောင့်နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။




အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတကာမှ လာရောက်သည့် ဆေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ဧပြီ ၂ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးကုသခြင်းလုပ်ငန်းကို ဘူတန်နိုင်ငံ ဆေးအဖွဲ့က ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းတွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အရေးပေါ်ဆေးအဖွဲ့က နေပြည်တော် ကလေးဆေးရုံကြီးတွင် အခြေပြု၍လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ အရေးပေါ်ဆေးအဖွဲ့က နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)တွင်လည်းကောင်း၊ ဖိလစ်ပိုင် PEMAT ဆေးအဖွဲ့က လယ်ဝေးမြို့နယ် ပြည်သူ့ဆေးရုံတွင် အခြေပြု၍လည်းကောင်း၊ ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သီရိမန္တလာအားကစားကွင်း၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆေးအဖွဲ့က လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် လေယာဉ်ကွင်းဟောင်းနေရာ၌ အိန္ဒိယနိုင်ငံဆေးအဖွဲ့ကလည်းကောင်း၊ ဧပြီ ၃ ရက်တွင် လာအိုနိုင်ငံ အရေးပေါ်ဆေးအဖွဲ့က ကျောက်ဆည်ဆေးရုံ၌လည်းကောင်း၊ ဧပြီ ၂ ရက်တွင် မလေးရှား ကယ်ဆယ်ရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ငလျင်လှုပ်ပြီး ငါးရက်ကြာ ပိတ်မိနေသော ငလျင်ဘေးသင့်လူတစ်ဦးအား ကယ်ဆယ်နိုင်ခဲ့၍ ၎င်းလူနာအား စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းဆေးရုံကြီး၌လည်းကောင်း၊ ဧပြီ ၃ ရက်တွင် AHA Center မှ Asian-ERAT (Asian Emergency Response and Assessment Team) မှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များက စစ်ကိုင်းဆေးရုံကြီး၌လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများနှင့် ယူနန် (China-CDC) အဖွဲ့တို့ ပူးပေါင်း၍ ဧပြီ ၂ ရက်တွင် နေပြည်တော်ဝန်ထမ်းအိမ်ရာ တိုက်အမှတ် ၄၃၅၁ အနီးတစ်ဝိုက်နှင့် အထက(၉)တို့တွင်လည်းကောင်း၊ ဧပြီ ၃ ရက်တွင် ထိုင်းနိုင်ငံအရေးပေါ်ဆေးအဖွဲ့က တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာတွင်လည်းကောင်း ရေကောင်းရေသန့်ရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းလုပ်ငန်းများအတွက် ရေနမူနာများ ရယူစစ်ဆေးခြင်း၊ ရေသန့်စင်ဆေးပြားများ ခတ်ပေးခြင်းနှင့် ဝေငှခြင်း၊ သုခသိဒ္ဓိတိုက်တန်းနှင့် အထက (၉) တွင် ယာယီနေထိုင်လျက်ရှိသော ဝန်ထမ်းများအား လက်သန့်ဆေးရည်များ ဝေငှခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဧပြီ ၃ ရက်အထိ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာဆေးအဖွဲ့များအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ အဖွဲ့ရှစ်ဖွဲ့ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ နီပေါနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ အဖွဲ့ငါးဖွဲ့ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရုရှားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် AHA Center တို့မှ အဖွဲ့သုံးဖွဲ့ဖြင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်



# ရမည်းသင်းမြို့နယ်၌ မင်းနန်သူဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ရမည်းသင်း ဧပြီ ၃

ရမည်းသင်းမြို့နယ်အတွင်း မတ် ၂၈ ရက်က မြေငလျင်လှုပ်ခတ်ခြင်းကြောင့် ဘုရားစေတီပုထိုးများ၊လူနေအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရာ ဧပြီ ၃ ရက် နံနက်ပိုင်းက ရမည်းသင်းမြို့ ကြည်တော်ကုန်းရပ်ကွက်ရှိ မင်းနန်သူဘုရားကြီး ပြိုကျပျက်စီးမှုများကို ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ခရိုင် ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူစုစုပေါင်း ၁၅၀ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ခတ်သွားမှုနှင့်စပ်လျဉ်း၍ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း သေဆုံး/ဒဏ်ရာရ/ပျောက်ဆုံး စာရင်း

၃-၄-၂၀၂၅ ရက်နေ့၊ ၁၈:၀၀ အချိန်ထိ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | သေဆုံး | ဒဏ်ရာရ | ပျောက်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ပျဉ်းမနား | ၁၄၉ | ၃၅၄ | | |
| | | ဇမ္ဗူသီရိ | ၁၇၉ | ၁၃၀ | ၁ | |
| | | လယ်ဝေး | ၄၉ | ၁၁၂ | ၁ | |
| | | ဒက္ခိဏသီရိ | ၆ | ၈ | | |
| | | ဇေယျာသီရိ | ၁၉ | ၃၇ | | |
| | | ပုဗ္ဗသီရိ | ၄၂ | ၇၅ | ၃ | |
| | | တပ်ကုန်း | ၂၈ | ၇၀ | | |
| | | ဥတ္တရသီရိ | ၃၉ | ၅၆ | ၄ | |
| | ပေါင်း | | ၅၁၁ | ၈၄၂ | ၉ | |
| ၂ | စစ်ကိုင်း | စစ်ကိုင်း | ၄၆၇ | ၆၆၉ | ၂ | |
| | | မုံရွာ | ၁ | | | |
| | | ရွှေဘို | ၃ | ၁၉ | | |
| | ပေါင်း | | ၄၇၁ | ၆၈၈ | ၂ | |
| ၃ | ပဲခူး | ဖြူး | ၁၂ | ၄၅ | | |
| | | တောင်ငူ | ၁၄ | ၄၄ | | |
| | | ရေတာရှည် | ၁၀ | ၈၀ | | |
| | | အုတ်တွင်း | ၃ | ၂၈ | | |
| | | ကျောက်တံခါး | ၄ | ၃၇ | | |
| | | ထန်းတပင် | ၁ | | | |
| | ပေါင်း | | ၄၄ | ၂၃၄ | | |
| ၄ | မကွေး | ပခုက္ကူ | | ၁ | | |
| | ပေါင်း | | | ၁ | | |
| ၅ | မန္တလေး | မဟာအောင်မြေ | ၁၉၂ | ၄၀ | | |
| | | ချမ်းအေးသာစံ | ၂၀၅ | ၁၁၅ | | |
| | | ချမ်းမြသာစည် | ၁၁၆ | ၆၅၃ | | |
| | | ပြည်ကြီးတံခွန် | ၆၈ | ၄၄ | ၄ | |
| | | အောင်မြေသာစံ | ၁၆၃ | ၂၀၆ | ၂၀၁ | |
| | | ပုသိမ်ကြီး | ၃၅ | ၆၉ | | |
| | | မတ္တရာ | ၂၅ | ၅၅ | | |
| | | အမရပူရ | ၃၁၁ | ၈၆ | | |
| | | ကျောက်ဆည် | ၁၇၄ | ၄၅၀ | | |
| | | မြစ်သား | ၄၁ | ၂၂၇ | | |
| | | စဉ့်ကိုင် | ၁၃၄ | ၂၀၁ | | |
| | | တံတားဦး | ၁၄၇ | ၉၆ | | |
| | | ငါန်းဇွန် | | | | |
| | | မိတ္ထီလာ | ၁၄ | ၃၃ | | |
| | | သာစည် | ၄၇ | ၆၄ | | |
| | | ဝမ်းတွင်း | ၅၂ | ၅၁ | | |
| | | ရမည်းသင်း | ၉၆ | ၁၃၄ | | |
| | | ပျော်ဘွယ် | ၂၃၃ | ၁၆၇ | ၅ | |
| | ပေါင်း | | ၂၀၅၃ | ၂၆၉၁ | ၂၁၀ | |
| ၆ | ရှမ်း | ပင်လောင်း | ၃ | ၁၉ | | |
| | | ညောင်ရွှေ | ၅၀ | ၅၀ | | |
| | | တောင်ကြီး | ၃ | ၄ | | |
| | | ကလော | ၁၀ | ၄၂ | | |
| | | မိုးနဲ | | ၇ | | |
| | | ရွာငံ | | ၁ | | |
| | | လဲချား | | ၁ | | |
| | | ရပ်စောက် | | ၁ | | |
| | | ပင်းတယ | | ၈ | | |
| | ပေါင်း | | ၆၆ | ၁၃၃ | | |
| | စုစုပေါင်း | | ၃၁၄၅ | ၄၅၈၉ | ၂၂၁ | |

## ပါကစ္စတန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများရောက်ရှိ




**နေပြည်တော် မေ ၃**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ပါကစ္စတန်နိုင်ငံမှ My freighter LLC လေကြောင်းလိုင်းမှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများ တင်ဆောင်လာသော လေယာဉ်သည် မေ ၂ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများတွင် မိုးကာတဲ၊ စောင်၊ တာပေါ်လင်၊ water tank၊ ဆေးဝါးများ၊ (MRE)အသင့်စားအစားအစာများပါဝင်ကာ စုစုပေါင်း ၃၅၄၉၇ kg ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဗိုလ်မှူးချုပ် စောဆန်နီနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Imran Haiderနှင့် သံရုံးတာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချ လုပ်သားများက သက်ဆိုင်ရာယာဉ်များပေါ်သို့ တင်ဆောင်ပေးပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ဝေရန် နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေး မစိုးရိမ်တိုက်ဟောင်း ဦးလှသိန်းဗိမာန်ရှိ ကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ဆေးကုသမှုခံယူနေသည့် သံဃာတော်များကို ရောဝတီဖောင်ဒေးရှင်းက ထောက်ပံ့လှူဒါန်း

**မန္တလေး မေ ၃**

ငလျင်ဘေးဒဏ်သင့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ရောဝတီဖောင်ဒေးရှင်းသည် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း ဦးလှသိန်းဗိမာန် စာဖြေဆောင်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများကို မေ ၃ ရက်က ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့သည်။

ရောဝတီဖောင်ဒေးရှင်းမှ ဦးဇော်ဇော်နှင့် အဖွဲ့သည် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့၊ မနိဇလ လူမှုကယ်ဆယ်ရေး၊ ဖေးကူလက်အသင်း၊ ကချင်ပြည်နယ် သခါလူမှုရေးအသင်း၊ သုခကာရီလူမှုကယ်ဆယ်ရေးအသင်းနှင့် စေတနာ့ဝန်ထမ်းများကို တွေ့ဆုံ ကျေးဇူးတင် အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့် နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များအတွက် အစားအသောက်နှင့် စက်သုံးဆီ စီမံဆောင်ရွက်ပေးသည်။ ထို့ပြင် ငလျင်ဒဏ်ကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသည့် သံဃာတော်များ အပါအဝင် ဆေးကုသမှုခံယူလျက်ရှိသည့်သံဃာတော်များအတွက် လှူဒါန်းခြင်းတို့ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၁၀၀၀ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း - ရှိုင်းထက်ဇော်**

**ဓာတ်ပုံ - ကိုမိုး**



# ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာ သုံးသပ်ဆွေးနွေးပွဲမှအပြန်

ဒေါက်တာခိုင်ခိုင်ဝင်း

ယခုနှစ်များအတွင်း ကမ္ဘာ့နိုင်ငံရေးက အခြေအနေအမျိုးမျိုးဖြင့် ပြောင်းလဲမှုများဖြစ်ပေါ်လာပြီး ပြောင်းလဲဖြစ်ပေါ်လာသည့် အခြေအနေများကို အခြေခံကာ ဗဟုကမ္ဘာ(Multipolarity) ဆိုသည့် အသုံးအနှုန်းကို ပြောဆိုလာနေကြပြီဖြစ်ပါသည်။ ကမ္ဘာကြီးကလည်း အဆိုပါ အသုံးအနှုန်းကို အသိအမှတ်ပြုလက်ခံလာနေပြီး ဗဟုဝင်ရိုးကမ္ဘာကြီး ပေါ်ထွန်းလာရေး ဦးတည်ရွေ့လျားနေသည်လည်းဖြစ်ပါသည်။ ဗဟုဝင်ရိုးကမ္ဘာ (Multipolar World)သည် ဒွိဝင်ရိုးကမ္ဘာ (Bipolar World)၏ အဆက်မဟုတ်ဘဲ အသစ်ထွက်ပေါ်လာသည့်အရာဖြစ်ပြီး အင်အားကြီးနိုင်ငံ နှစ်ခုထက်ပိုသည့်နိုင်ငံများ အင်အားပေါင်းစုထားကာ နိုင်ငံအချင်းချင်း ပေါင်းစပ်ဆက်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအတွက် ပုံမှန်သွားနေကျပုံစံ (Model)မှ ခွဲထွက်ပြီး အခွင့်အလမ်းအသစ်များအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် ချိန်ခွင်လျှာညီ ထိန်းကျောင်းသည့် ပုံစံနစ်သစ်ဟု လေ့လာမှုအရ သိရှိရပါသည်။ ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) သည် အယူဝါဒဆိုင်ရာ ပြိုင်ဆိုင်မှုမဟုတ်ဘဲ ဧကဝင်ရိုးကမ္ဘာ(Unipolar World)နှင့်လည်း ကွဲပြားကာ ဒွိဝင်ရိုးကမ္ဘာ (Bipolar World)ထက်လည်း ပိုသောကြောင့် ထူးခြားသည့် သွင်ပြင်လက္ခဏာရှိသည်လည်း ဖြစ်ပါသည်။

ကမ္ဘာတွင် နှစ်ပေါင်းများစွာ ကျင်လည်အသုံးပြုခဲ့သည့် ဧကဝင်ရိုးကမ္ဘာဆိုသည်မှာ အင်အားကြီးနိုင်ငံတစ်နိုင်ငံတည်းက အင်အားနည်းသည့် နိုင်ငံများ၏ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများအပေါ် လွှမ်းမိုးကြီးစိုးခြင်းဖြစ်ပါသည်။ ၁၉၉၀ ပြည့်နှစ်များအတွင်း ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက် တစ်ခုတည်းသော အင်အားကြီးနိုင်ငံဖြစ်လာသည့် အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာကြီးအပေါ် လွှမ်းမိုးချုပ်ကိုင်ထားခြင်း၊ ဧကကမ္ဘာဖြစ်လာခြင်းကို ဆိုလိုရင်းဖြစ်ပါသည်။

**ဗဟုဝင်ရိုးကမ္ဘာ အမှန်ဖြစ်လာခဲ့ပြီ**

၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ကျင်းပခဲ့သည့် Shanghai Cooperation Organization (SCO) အစည်းအဝေးတွင် ရုရှားနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ဗဟုဝင်ရိုးကမ္ဘာသည် အမှန်ဖြစ်လာခဲ့ပြီဖြစ်ကြောင်း၊ Shanghai Cooperation Organization (SCO)နှင့် BRICS အဖွဲ့များကို ကြည့်လျှင် သိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။

ဆိုလိုသည်မှာ အင်အားကြီးနိုင်ငံများ ပေါင်းစုဖွဲ့စည်းကာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် အရေးပါသည့်ကဏ္ဍမှ ပါဝင်နိုင်ရေး ရည်မှန်းချက်ဖြင့် ဖွဲ့စည်းထားသည့် ၁၀ နိုင်ငံပါ BRICS အဖွဲ့ကြီးသည် ဗဟုဝင်ရိုးကမ္ဘာအတွက် ထင်ရှားသည့်သာဓကတစ်ခုဖြစ်ပါသည်။ BRICS အဖွဲ့တွင် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ရုရှားနိုင်ငံ အပါအဝင် နိုင်ငံ ၁၀ နိုင်ငံ ပေါင်းစုထားပြီး ကမ္ဘာ့စီးပွားရေးတိုးတက်ရေးအတွက် ပေါင်းစုရပ်တည် ပါဝင်ဆောင်ရွက်နေသည့် အင်အားကြီးအဖွဲ့ ဖြစ်ပါသည်။ အမေရိကန်နိုင်ငံသမ္မတ မစ္စတာဒေါ်နယ်ထရမ့်က multipolar ကို အင်အားကြီးမှုပြိုင်ဆိုင်ခြင်း (Great Power Competition) ဟု ပြောခဲ့ပြီး တရုတ်နိုင်ငံက multipolar ကို နိုင်ငံများ၏ အရွယ်အစားနှင့် မဆိုင်၊ နိုင်ငံအားလုံးအတွက် တန်းတူညီမျှခြင်းဖြစ်သည်ဟု




မတ် ၂၁ ရက်က နေပြည်တော် MICC-I ၌ ကျင်းပသည့် ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ၌ ပြည်တွင်း ပြည်ပ ပညာရှင်များက "ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့်အာရှ၏အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ထည့်သွင်းဆွေးနွေးစဉ်။

သတ်မှတ်ထားသည်ကို လေ့လာသိရှိရပါသည်။

ဆိုလိုသည်မှာ ယနေ့အချိန်အထိ ဗဟုကမ္ဘာ၏ အဓိပ္ပာယ်အတွက် တိကျသည့် ဖွင့်ဆိုချက်သတ်မှတ်ထားခြင်းမရှိဘဲ နိုင်ငံအလိုက် သီးခြားအဓိပ္ပာယ်ဖွင့်ဆိုချက်များ သတ်မှတ်ကြသည်ကို တွေ့ရှိရပါသည်။ မည်သို့ပင်ဆိုစေကာမူ ယနေ့အချိန်တွင် တစ်နိုင်ငံတည်းက လွှမ်းမိုးချုပ်ကိုင်သည့် unipolarity မှသည် multipolarity သို့ ပြောင်းလဲလာနေသည်ကတော့ ငြင်းပယ်၍ မရနိုင်တော့ပြီလည်း ဖြစ်ပါသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Mr. Marco Rubio က multipolarity နှင့် စပ်လျဉ်း၍ ပြောကြားရာ၌ ယနေ့ကမ္ဘာကြီးတွင် အမေရိကန်နိုင်ငံအား နည်းပညာအရ၊ စီးပွားရေးအရ၊ ပထဝီနိုင်ငံရေးအရ ပြိုင်ဆိုင်နိုင်ပြီဖြစ်သည့် အင်အားကြီးနိုင်ငံများ ပေါ်ထွက်လာနေပြီဟု ဆိုခဲ့ပါသည်။

**စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သေချာပေါက် ကြုံတွေ့လာရမည်**

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံရေးချိန်ခွင်လျှာ အပြောင်းအလဲဟု သတ်မှတ်ရမည့် ဗဟုဝင်ရိုးကမ္ဘာတွင် ကြိုတင်ပြင်ဆင်မှုအဖြစ် **"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ"** ကို ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ(MICC -1) တွင် ကျင်းပခဲ့ပြီး ပြည်ပနိုင်ငံများမှ ပညာရှင်များ အပါအဝင် ပြည်တွင်းရှိနယ်ပယ်အစုံမှ ပုဂ္ဂိုလ်များ (stakeholders) ဦးရေ ၂၀၀ ကျော် တက်ရောက်ခဲ့ပါသည်။ ကျွန်မအနေဖြင့် အဆိုပါ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခွင့်ရခဲ့ပြီး နိုင်ငံတကာမှ ပညာရှင်များနှင့် မြန်မာနိုင်ငံမှ တတ်သိပညာရှင်များ၏ သုံးသပ်ဆွေးနွေးမှုများကို လေ့လာသိရှိခွင့်ရခဲ့ပါသည်။ ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြားတွင် တည်ရှိနေသည်ဖြစ်ရာ ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာ ကာလကြီးတွင် မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသည် သေချာပေါက် ကြုံတွေ့လာရမည် ဖြစ်ပါသည်။ အဆိုပါ သုံးသပ်ဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံအတွက် အကျိုးရလဒ်များစွာရရှိခဲ့ပြီး နိုင်ငံအနေဖြင့် ကမ္ဘာကြီး၏ အရွေ့သစ် အခြေအနေတစ်ခုဖြစ်သည့် Multipolar World အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ရေ့လုပ်ငန်းများကိုလည်း သိရှိဆောင်ရွက်လာနိုင်မည်ဟု သုံးသပ်မိပါသည်။

**မဟာဗျူဟာချမှတ်ရေးဆွဲရန် အရေးကြီး**

ကမ္ဘာကြီး၏ အရွေ့သစ်အခြေအနေတစ်ခုဖြစ်သည့် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံအနေဖြင့် လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် တည်ငြိမ်အေးချမ်းသည့်နိုင်ငံဖြစ်ရန် အရေးကြီးသည်ဖြစ်ရာ ငြိမ်းချမ်းသောနိုင်ငံဖြစ်လာရေး နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ နိုင်ငံငြိမ်းချမ်းသာယာမှုရှိပါမှ နိုင်ငံ၏စီးပွားရေးသည်လည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။ အင်အားကြီးနိုင်ငံနှစ်နိုင်ငံကြားတွင် တည်ရှိနေသည့် မြန်မာနိုင်ငံအနေဖြင့် ချိန်ခွင်လျှာညီ အလိုက်သင့် မည်သို့ဆက်လက်ဆောင်ရွက်သွားကြမည်ဆိုသည်ကို မဟာဗျူဟာချမှတ်ရေးဆွဲရန် အရေးကြီးသည်ဟု သုံးသပ်မိသည်ဖြစ်ရာ အဆိုပါ မဟာဗျူဟာရေးဆွဲချမှတ်နိုင်ရေးအတွက် နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ပညာရှင်များ အစရှိသည့် နယ်ပယ်အစုံမှပုဂ္ဂိုလ်များပါဝင်သည့် ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်သည်ဟု သုံးသပ်ရှုမြင်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**"ကမ္ဘာကြီး၏ အရွေ့သစ်အခြေအနေတစ်ခုဖြစ်သည့် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံအနေဖြင့် လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် တည်ငြိမ်အေးချမ်းသည့်နိုင်ငံဖြစ်ရန် အရေးကြီးသည်ဖြစ်ရာ ငြိမ်းချမ်းသောနိုင်ငံဖြစ်လာရေး နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံငြိမ်းချမ်းသာယာမှုရှိပါမှ နိုင်ငံ၏စီးပွားရေးသည်လည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။ အင်အားကြီး နိုင်ငံနှစ်နိုင်ငံကြားတွင် တည်ရှိနေသည့် မြန်မာနိုင်ငံအနေဖြင့် ချိန်ခွင်လျှာညီ အလိုက်သင့် မည်သို့ဆက်လက်ဆောင်ရွက်သွားကြမည်ဆိုသည်ကို မဟာဗျူဟာ ချမှတ်ရေးဆွဲရန် အရေးကြီး"**

# ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**ပဲခူး မေ ၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅) ကျင်းပသည်။

**လမ်းညွှန်မှာကြား**

ရှေးဦးစွာ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း လာရောက်လည်ပတ်ကြသည့် ပြည်တွင်း/ ပြည်ပခရီးသွားများအတွက် ဝန်ဆောင်မှုအရည်အသွေးကောင်းမွန်စေရန် စားသောက်ဆိုင်များ၊ ဟိုတယ်/ တည်းခိုရိပ်သာများနှင့် ခရီးသွားကဏ္ဍမှ ဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေးများ မြင့်မားစေရန် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် သီတင်းကျွတ်မီးထွန်းပွဲတော်၊ တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ၊ သနပ်ခါးပွဲတော်၊ ခြင်းလုံး အလှူခတ်ပွဲတော်များအပြင် ရာသီအလိုက် ရိုးရာယဉ်ကျေးမှုပွဲတော်များကို ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်း/ပြည်ပခရီးသွားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အထပ်မြင့်ဟိုတယ်များအား မြေငလျင်ဒဏ်သင့်ခံရမှု ရှိ/ မရှိပြန်လည်စစ်ဆေးရန်နှင့် နေရောင်ခြည်စွမ်းအင်သုံး Solar System များ တပ်ဆင်အသုံးပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးတာဝန်ခံက ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင် သက်တမ်းတိုးခြင်း၊ ဧည့်လမ်းညွှန်နှင့် ခရီးသွားလမ်းညွှန်လိုင်စင် သက်တမ်းတိုးခြင်း စသည့်အမှုတွဲများအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ဟိုတယ်လုပ်ငန်းရှင်များအသင်း(ပဲခူးဇုန်) ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအဆင့် ကော်မတီဝင်များက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ အသေးစိတ်ဖြည့်စွက် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## UNICEF Myanmar မှ ဖြန့်ဝေမည့်ကယ်ဆယ်ရေးသုံးပစ္စည်းများရောက်ရှိ

**နေပြည်တော် မေ ၃**

နိုင်ငံတော် အစိုးရအနေဖြင့် ငလျင်ဒဏ်သင့် ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန် စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဒဏ်သင့် ပြည်သူများအတွက် UNICEF Myanmarမှ ဖြန့်ဝေမည့် ကယ်ဆယ်ရေးသုံးပစ္စည်းများ ပါဝင်သော Rom Cargo Airline မှ လေယာဉ်သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။




၎င်းသည် မြန်မာနိုင်ငံရှိမြေငလျင်ဒဏ်သင့်ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် UNICEF Myanmarမှ ဖြန့်ဝေမည့် ဆေးဝါးများ၊ လူသုံးကုန် ပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ၄၈၄ ပုံး (၇၈၇၃၆)kg တင်ဆောင်၍ UAEနိုင်ငံ ဒူဘိုင်းမြို့ Al MAKTOWNလေဆိပ်မှ ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာခြင်းဖြစ်ပြီး ရန်ကုန်လေဆိပ်သို့ရောက်ရှိစဉ် UNICEF Myanmar မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံပြီး Air Cargo Terminal သို့ သယ်ဆောင်၍ မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ဒေသများသို့ ပို့ဆောင်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဗဟို ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်များ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ခုတင် (၁၀၀၀) ဆေးရုံ၌ ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်များကို လည်းကောင်း၊ ပျဉ်းမနားမြို့အတွင်းရှိ ပြည်သူများထံသို့ လည်းကောင်း သွားရောက်လှူဒါန်းသည်။ ထို့နောက် အတွင်းရေးမှူး ဦးသန့်ဇော်နှင့် အဖွဲ့ဝင်များက စစ်ကိုင်းမြို့၌လည်းကောင်း၊ ကလောခရိုင်အဖွဲ့ဝင်များက မန္တလေး၌ လည်းကောင်း သွားရောက်လှူဒါန်းကြသည်။

ထို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# လျှောင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Moneyတို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေ စာရင်းများမှ စာရင်းပြောင်း(Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြား ငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE** **-MYEBMMMY**
- **Beneficiary Name** **-Natural Disaster Management Fund**
- **Beneficiary A/C No** **-EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**






























# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၄၄ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇ ဒသမ ၅ သိန်းနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၂ ရက် နံနက် ၅ နာရီက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာအနီးတွင် ပြင်ဦးလွင်မှ မန္တလေးသို့ ကျော်စွာထွန်း မောင်းနှင်လာသည့် MITSUBISHI CANTER ခြောက်ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ဂေါ်ဖီထုပ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၂၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက် အရ သိမ်းဆည်းရမိယာဉ်အား ကျော်စွာထွန်းထံ အပ်နှံသူ တင့်လွင်မိုးအား ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁၀ တွင် ဆိုင်ကယ်တစ်စီးနှင့် ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားများ လာရောက်ယူဆောင်သူများဖြစ်သည့် ရဲမင်း(ခ)နွားကြီးနှင့် မကေသွယ်မိုးတို့အား ပြည်ကြီးတံခွန်မြို့နယ် ၁၁၅ လမ်းတွင် FOTON VIEW ယာဉ်တစ်စီးနှင့် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများအား လက်ခံရယူသူ ကိုစိုင်း(ခ)စိုင်းထွန်းအောင်ကျော် (ခ)မောင်အောင်နိုင်(ခ)သားကြီးအား ပြည်ကြီးတံခွန်မြို့နယ် ၆၀ x ၁၀၇ လမ်းထောင့်ရှိ ဟိုတယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ကိုစိုင်း(ခ)စိုင်းထွန်းအောင်ကျော်(ခ)မောင်အောင်နိုင် (ခ)သားကြီးထံသို့ စိတ်ကြွရူးသွပ်ဆေးပြားများ လာရောက်ပို့ဆောင်မည့် စောသန့်စင်(ခ)ကိုရဲနှင့် အောင်ကျော်လေး (ခ) ရဲမင်းအောင်တို့ နှစ်ဦးအား ပြည်ကြီးတံခွန်မြို့နယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦးထံသို့ စိတ်ကြွရူးသွပ်ဆေးပြားများ ပို့ဆောင်ရန်လာရောက်လျက်ရှိသည့် လူအေးအား ချမ်းမြသာစည်မြို့နယ် ၁၁၀ လမ်း ၅၄ x ၅၅ လမ်းကြားရှိ လက်ဖက်ရည်ဆိုင်တွင် ဖမ်းဆီးရမိခဲ့ပြီး ပုသိမ်ကြီးမြို့နယ် လက်ကောင်းရွာသစ်ကျေးရွာရှိ လူအေး၏နေအိမ်နှင့် ခြံဝင်းအတွင်းရှိ ALPHARD ယာဉ်ပေါ်တို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇ ဒသမ ၅ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ငွေကျပ် ၄၄ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ၏ ပိုင်ရှင်မှာ စိုင်းနေလင်းထွေး(ခ)လင်းထွေးဖြစ်ကြောင်း၊ စိုးစိုး(ခ) စိုင်းစိုးမြင့်၊ အောင်ကျော်လေး (ခ) ရဲမင်းအောင်နှင့် စောသန့်စင်(ခ)ကိုရဲတို့ထံ စိတ်ကြွရူးသွပ်ဆေးပြားများ လွှဲပြောင်းပေးခဲ့သူမှာ နော်မိန်း (ခ) အောင်နိုင်ဖြစ်ကြောင်း၊ စိုးစိုး (ခ) စိုင်းစိုးမြင့်မှ တင့်လွင်မိုး၊ အောင်စည်သူ၊ ကျော်စွာထွန်း၊ ရဲမင်း (ခ) နွားကြီးနှင့် မကေသွယ်မိုးတို့အား အဆင့်ဆင့်သယ်ဆောင်စေပြီး ကိုစိုင်း(ခ)စိုင်းထွန်းအောင်ကျော်(ခ) မောင်အောင်နိုင် (ခ) သားကြီးထံသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ အလားတူ အောင်ကျော်လေး(ခ) ရဲမင်းအောင်နှင့် စောသန့်စင် (ခ) ကိုရဲတို့နှစ်ဦးမှလည်း နေမျိုးအောင် ချိတ်ဆက်ပေးသည့် လူအေးအား သယ်ဆောင်စေပြီး ကိုစိုင်း(ခ) စိုင်းထွန်းအောင်ကျော် (ခ) အောင်နိုင် (ခ) သားကြီးထံသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၈ ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၃

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၈ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များတွင် လိုအပ်သည့် အထောက်အထား၊ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံကိုက်ညီမှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၈၇၂၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် မှ ၇၀၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၆၅၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်မှယနေ့အထိ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၈၇၂၄ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဓာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ္စတန်၊ နမီးဘီးယား၊ မာဒါဂတ်စကား၊ ရှိမေးနီးယား၊ လိုက်ဘေးရီးယား၊ ရုရှား၊ ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ)တို့မှဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ **အဲဗာတန်အသင်းမှ**

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် အိမ်ရှင်လီဗာပူးအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၅၇ မိနစ်မှာ သွင်းယူခဲ့တဲ့ ဒီယေဂိုဂျိုတာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဒီယေဂိုဂျိုတာဟာ ယခုဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး ခြောက်ဂိုးအထိရှိသွားခဲ့ပြီဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ရမှတ် ၇၃ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီဖြစ်တာကြောင့် ပရီမီယာလိဂ်ဖလားရရှိဖို့ အခွင့်အရေး ပိုမိုနီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

အဲဗာတန်အသင်းကတော့ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် (၁၅) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ နယူးကာဆယ်အသင်းက ဘရန်းဖို့ဒ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မန်စီးတီးအသင်းက လက်စတာစီးတီးအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အက်စ်တွန်ဗီလာအသင်းက ဘရိုက်တန်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ အစ်ဆွစ်အသင်းက ဘုန်းမောက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆောက်သမ်တန်အသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## တရုတ်နိုင်ငံတွင်ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အာရှဆောင်းရာသီအားကစားပြိုင်ပွဲအား အမေရိကန်နှင့် အပေါင်းပါများက ဆိုက်ဘာတိုက်ခိုက်မှုများဆောင်ရွက်ခဲ့ဟု တရုတ်ပြောကြား

ပေကျင်း မေ ၃

တရုတ်နိုင်ငံ ဟေလောင်ကျန်းပြည်နယ်တွင် ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အာရှဆောင်းရာသီအားကစားပြိုင်ပွဲအား အမေရိကန်နှင့် အပေါင်းပါများက ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂူအိုဂါကွမ်းက ပြောကြားသည်။

၎င်းဆိုက်ဘာတိုက်ခိုက်မှုအား တရုတ်နိုင်ငံ အမျိုးသားကွန်ပျူတာဗိုင်းရပ်စ်အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးစင်တာက ယနေ့ထုတ်ပြန်သည့် မှတ်တမ်းတွင်ဖော်ပြထားသည်။

ပြိုင်ပွဲယှဉ်ပြိုင်မှုဆိုင်ရာ သတင်းအချက်အလက်စနစ်ကွန်ရက်အား အမေရိကန်၊ နယ်သာလန်နှင့် စင်ကာပူအပါအဝင် ပြည်ပနိုင်ငံများမှ ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း ၎င်းမှတ်တမ်းအရ သိရသည်။

၎င်းဆိုက်ဘာတိုက်ခိုက်မှုတွင် အမေရိကန်က တာဝန်ရှိကြောင်းနှင့် အခြားနိုင်ငံများကို ဆိုက်ဘာနှောင့်ယှက်မှုများမှ ရှောင်ရှားရန်အပါအဝင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် သတိပေးလိုက်ပြီး တရုတ်နိုင်ငံအနေဖြင့် လိုအပ်သည့် ကာကွယ်မှုများကို ဆောင်ရွက်မည်ဟု တရုတ် တာဝန်ရှိသူက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သည့်အဆောက်အအုံမှ ပိတ်မိနေသူများကို ကယ်ဆယ်ရန်ဆောင်ရွက်



ဗန်ကောက် မေ ၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သည့် ဆောက်လုပ်ဆဲ စာရင်းစစ်ရုံး အပျက်အစီးအောက်တွင် ပိတ်မိနေသည့်သူများထံမှ အကူအညီတောင်းခံသံများနှင့် အချက်ပေးဆက်သွယ်မှုကို ကယ်ဆယ်ရေးလုပ်သားများက ယမန်နေ့တွင် လက်ခံရရှိခဲ့သည်ဟု ဗန်ကောက်မြို့တော်ဝန် ချာချက်ဆီတီပန့်က ပြောကြားသည်။

ယမန်နေ့ည ၁၀ နာရီအချိန်က ကယ်ဆယ်ရေးလုပ်သားများသည် ပြိုကျခဲ့သည့် အဆောက်အအုံအောက်ခြေရှိ တွင်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြီး ကယ်ဆယ်ရန်အသံပေးဆက်သွယ်ခဲ့ရာ ပိတ်မိနေသူများထံမှ ကယ်ဆယ်ရန် အကူအညီတောင်းခံသံကို ကြားခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် အခင်းဖြစ်နေရာ၌ စက်ယန္တရားများ လုပ်ငန်းဆောင်ရွက်မှုကို ကယ်ဆယ်ရေးလမ်းကြောင်း မလွဲမှားစေရေးအတွက် ခေတ္တရပ်ဆိုင်းထားပြီး ဒရုန်းများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နေကာ ပြိုကျရသည့် အကြောင်းရင်းကိုလည်း စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

၎င်းအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းအား တရုတ်နိုင်ငံမှ ဆောက်လုပ်ရေးလုပ်ငန်း တစ်ခုနှင့် ထိုင်းကုမ္ပဏီ တစ်ခုတို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဗန်ကောက်ပို့စ်**
**ဘာသာပြန် – စိုးသူရ**

## ပင်လယ်နီအတွင်းရှိ အမေရိကန်စစ်သင်္ဘောအား ဟူသီအဖွဲ့ တိုက်ခိုက်



ဆာနာ မေ ၃

ပင်လယ်နီ အတွင်းရှိ အမေရိကန်စစ်သင်္ဘော ယူအက်စ် အက်စ် ဟယ်ရီထရူမင်းအား တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ပြီး ယီမင်နိုင်ငံ ဟိုဒီလတ်ပြည်နယ်သို့ တိုက်ခိုက်လာသည့် အမရိကန် ဒုံးကျည်တစ်စင်းကို ဟူသီအဖွဲ့က ပစ်ချခဲ့ကြောင်း ဟူသီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရာရာဆာရီယာက မေ ၃ ရက်တွင် ပြောကြားသည်။

ယခုတိုက်ခိုက်မှုသည် ယီမင်နိုင်ငံမြောက်ပိုင်းရှိ ဟူသီအဖွဲ့ ပစ်မှတ်များကို အမေရိကန်က တိုက်ခိုက်ခဲ့ခြင်းအား တုံ့ပြန်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ပြောကြား**

အမေရိကန် တပ်ဖွဲ့များသည် ယီမင်နိုင်ငံအား လက်ရှိအချိန်တွင် ကျူးကျော်တိုက်ခိုက်နေကြောင်းနှင့် တိုက်ခိုက်မှုများအတွင်း ပြည်သူများ ထိခိုက်သေဆုံးမှုများပြားကြောင်း ၎င်းက ပြောကြားသည်။

ပင်လယ်နီရှိ အမေရိကန် စစ်သင်္ဘောများကို ဟူသီအဖွဲ့က ဆက်လက် တိုက်ခိုက်မည်ဟု ၎င်းက ပြောကြားသည်။ ဂါဇာ အပစ်အခတ်ရပ်စဲရေး ကျိုးပေါက်ခဲ့ပြီး အစ္စရေးနိုင်ငံအား ဟူသီအဖွဲ့က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကာ အပြန်အလှန်အနေဖြင့် အမေရိကန်တပ်ဖွဲ့ကလည်း ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့ ပစ်မှတ်များကို တိုက်ခိုက်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ဂျပန်ကုန်ပစ္စည်းများအား အမေရိကန်အခွန်ကောက်ခံမည့် ကိစ္စအပေါ် စိတ်ပျက်မိဟု ဂျပန်ဝန်ကြီးချုပ် ပြောကြား

တိုကျို မေ ၃

ဂျပန်နိုင်ငံမှ အမေရိကန်သို့တင်ပို့သည့် ပို့ကုန်များအပေါ်တွင် ၂၄ ရာခိုင်နှုန်းအခွန်ကောက်ခံမည့် အမေရိကန်သမ္မတထရမ့်၏ ဆုံးဖြတ်ချက်အပေါ် စိတ်ပျက်မိကြောင်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ၂၀၁၉ ခုနှစ်မှစတင်၍ အမေရိကန်တွင် အများဆုံးရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်လာခဲ့ပြီး ဂျပန်ကားကုမ္ပဏီများသည် အမေရိကန်တွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကန်ဒေါ်လာ ၄၁၈ သန်းရှိခဲ့ကြောင်းနှင့် အမေရိကန်၏ ဆောင်ရွက်ချက်သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ကမ္ဘာ့စီးပွားရေးကို ထိခိုက်စေခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အမေရိကန်၏ ဆောင်ရွက်ချက်အပေါ် ဂျပန်နိုင်ငံရှိစီးပွားရေးလုပ်ငန်းများမည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်ကို လေ့လာမည်ဖြစ်ပြီး ကုစားမှုများဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

အမေရိကန်၏ ယခုဆောင်ရွက်ချက်အပေါ် အခြားကမ္ဘာ့နိုင်ငံများကလည်း ရှုတ်ချလျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**



## ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် အပူပိုင်း မိုးသစ်တောများ ရှင်သန်ရန်ခက်ခဲလာ

ကင်ဘာရာ မေ ၃

ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပွားလာခြင်းကြောင့် အမေရိကတိုက်ရှိ အပူပိုင်းမိုးသစ်တောများသည် ရေရှည်တွင်ရှင်သန်ရန် ခက်ခဲလာမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ အက်ဒီလိတ်တက္ကသိုလ်မှ ပညာရှင် ဆာမီ ရီဖီက ပြောကြားသည်။

၂၁၀၀ ပြည့်နှစ်တွင် အပူချိန် မြင့်မားလာမည့်အရေးနှင့် မိုးရွာသွန်းမှုလျော့နည်းလာမည့်အရေးတို့ကြောင့် ၎င်းသစ်တောများသည် ရှင်သန်ရန်ခက်ခဲလာမည်ဟု ၎င်းက ပြောကြားသည်။

ကမ္ဘာပေါ်တွင် အပူချိန်မြင့်တက်လာခြင်းနှင့် မိုးရွာသွန်းမှုလျော့နည်းလာခြင်းတို့အပေါ်တွင် သစ်တောများခံနိုင်ရည်စွမ်းလျော့နည်းလာနေကြောင်း ၎င်းက ပြောကြားသည်။ ၎င်းအချက်များသည် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှုကိုလည်း ခြိမ်းခြောက်နေကြောင်း ၎င်းက ပြောကြားသည်။

ထို့ကြောင့် အပူပိုင်းမိုးသစ်တောများ ရေရှည်တည်တံ့ရေးအတွက် လက်တွေ့ကျသည့်ဆောင်ရွက်မှုများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း အောက်စဖို့ဒ် တက္ကသိုလ် သဘာဝပတ်ဝန်းကျင်အင်စတီကျုမှ တာဝန်ရှိသူ အင်္ဂလီ ဂူတယ်ရပ်စ်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# ကွန်ဟိန်းမြို့၌ အခြေခံပန်းချီဆွဲနည်းသင်တန်း ဖွင့်လှစ်

**ကွန်ဟိန်း မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့ လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသားလူငယ်များ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်အတွက် အခြေခံပန်းချီဆွဲနည်းသင်တန်းကို မေ ၂ ရက်မွန်းလွဲ ၃ နာရီက ကျင်းပသည်။

**အမှာစကားပြောကြား**

သင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးခွန်ရဲထွေးက သင်တန်းဖွင့်လှစ်ရခြင်းမှာ လူငယ်တွေ အနေနှင့် အနုပညာကို မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ မိမိတို့ဝါသနာကို အကောင်အထည်ဖော်နိုင်စေရန်၊ အနာဂတ်မှာ အနုပညာရှင်ကောင်းတစ်ယောက် ဖြစ်လာစေရန် အပြင် မိမိတို့ တီထွင်ဖန်တီးနိုင်စွမ်းကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ပန်းချီသည် ကျောင်းသားလူငယ်များအတွက် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးရန် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်းနှင့် ပန်းချီဆွဲခြင်းသည် ကလေးများ၏ စိတ်ကူးစိတ်သန်းများကို လွတ်လပ်စွာဖော်ထုတ်ခွင့်ပေးခြင်းကြောင့် တီထွင်ဖန်တီးနိုင်စွမ်းကို အားပေးမြှင့်တင်ပေးနိုင်ပါကြောင်း အမှာစကား ပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အခြေခံမျဉ်းများနှင့် ပုံသဏ္ဌာန်များ၊ အလင်းအမှောင်၊ အချိုးအစားနှင့် ရှုထောင့်များ၊ ပုံတူရေးဆွဲခြင်းများကို ပို့ချပေးသွားမည်ဖြစ်ပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ မေ ၂ ရက်မှ ၄ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ မြေကွက်အမှတ်(၃၆၆)၊ မြေအကျယ်အဝန်း (၄၁ပေ×၆၀ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၃၆၇)နှင့်ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း (၂၁ပေ×၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆)ထပ်တိုက်အဆောက်အဦးမှ ဒုတိယထပ်၊ (၃-လွှာ)၊ အကျယ်အဝန်း (၁၈ပေ × ၅၄ပေ) ရှိတိုက်ခန်းတစ်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၀-၁၀-၂၀၂၃)ရက်စွဲပါ မြေရှင်နှင့်ကန်ထရိုက်တာတို့ သဘောတူကတိစာချုပ်အရ ကန်ထရိုက်တာ ဦးလှမြင့် (သံလွင်ဆောက်လုပ်ရေး)(၁၄/အမန(နိုင်)၁၇၀၀၉၅)မှ ရပိုင်ခွင့်ရှိသည့်အခန်းဖြစ်ပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ ကြိုပို့ငွေစနစ်ဖြင့်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကကြိုပို့ငွေစနစ်ဖြင့် ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)

**ဦးတိုးဝေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃)

**ဒေါ်ဥသြခင်(ခ)ဥမ္မာသိန်း(LL.B)**
အထက်တန်းရှေ့နေ (စဉ်-၅၃၈၇၈)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၇၆၉၈၂၃၄၁၇၊ ၀၉-၄၄၅၆၅၉၀၁၇

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၈၇၀/ခ)၊ ဧရိယာ (၀.၀၂၇၅)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက် ဟုခေါ်တွင်သော အမှတ်(၈၇၀/ခ)၊ နောင်ချိုလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံး**ကိုဝယ်ယူရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်၍ ယခုရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်မင်းငွေး [၁၂/ရကန(နိုင်)၀၃၈၇၈၃]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ မြေနှင့် အိမ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေနှင့်အိမ်ကို တရားဝင်နည်းလမ်းတကျ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စိုးစိုးမြင့် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**ဖုန်း-၀၉-၄၂၁၀၃၅၉၆၃**

**ဒေါ်အိဖြိုးဇင် LL.B,DBL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၇၅)**
**ဖုန်း-၀၉-၇၉၀၁၂၄၈၀**

**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတု ပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။
(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း။
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

## "ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် ၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၇)လမ်းအနောက်၊ အမှတ် (၇၇၈/ခ) ဟုခေါ်တွင်သော သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက် အမှတ်(၇၇၈/ခ) ပေါ်တွင်တည်ရှိသော အကျယ်အဝန်း အလျားxအနံ (၅၅x၁၈)ပေ၊ ၆လွှာ(ခ)၊ ပဉ္စမထပ် တိုက်ခန်း(၁)ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ရှိပိုင်ဆိုင်ပါကြောင်း အရှုပ်အရှင်းကင်းရှင်းလျက် အလွတ်လက်ရောက်လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်အုန်းရွှေ [၁၂/သကတ (နိုင်) ၀၉၉၃၃၀]ထံမှ ကျွန်တော် ဦးလွင်ကိုလတ် [၁၄/ကလန(နိုင်) ၀၉၂၃၆၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ် စာတမ်း အထောက်အထားများနှင့်တကွ ယခုကြေညာသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ဤတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးလွင်ကိုလတ် [၁၄/ကလန (နိုင်) ၀၉၂၃၆၀]**
**အမှတ်(၁၀၂/ခ)၊ စစ်တွေလမ်း၊ ၁၃ ရပ်ကွက်၊ ပင်လုံဈေး၊ လှိုင်သာယာမြို့နယ်။**
**ဖုန်း-၀၉-၇၅၇၉၆၈၀၉၃**

## (၂၀-၁-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၌ ကွယ်လွန်သူ ဟာဂျီ ဦးဟီဘရာဟင် (ခ) ဦးကျော်နိုင် အမည်ပေါက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၄/စက်မှု)၊ အသံအနံ့စက်မှုဇုန်၊ ဆင်ဖြူရှင်လမ်း၊ မြေကွက်အမှတ်(၅၄၉)၊ ပါမစ်မြေ အမျိုးအစားမြေကွက် အရောင်းအဝယ်အား ကန့်ကွက်ကြောင်းနှင့် အမွေဆိုင်ပစ္စည်းများနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့လဲ့မော် [၁၂/သဃက(နိုင်)၁၅၂၇၀၆]မှ အထက်ပါ မြေကွက်နှင့်စပ်လျဉ်း၍ အရောင်းအဝယ်ကို ကန့်ကွက်ကြောင်းနှင့် အရောင်းအဝယ်ပြုလုပ်သူကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ င/က ရပ်ကွက်၊ ဇာဝေယာလမ်းသွယ်၊ တိုက်အမှတ် (၇/၆၉)ဟုခေါ်တွင်သော ၂-ထပ်လုံးချင်းတိုက်နှင့် အဆိုပါ တိုက်တည်ရှိရာ မြေကွက်(၁)ကွက်၊ အမှတ်(၇/၇၁)၊ မြေညီထပ်တိုက်ခန်း (၁)ခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ င/က ရပ်ကွက်၊ ရူပလမ်း၊ တိုက်အမှတ်(၈/၂၂၄) (မြေညီထပ်)တိုက်ခန်း (၁)ခန်းတို့အား ပူးတွဲအမွေဆိုင်ပစ္စည်းများအဖြစ် ကြေညာ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လဲ့လဲ့မော်၏ ခွင့်ပြုချက်မရဘဲ၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ပါက ပြုလုပ်သူများအား ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာခဲ့ပါသည်။ ယခုအခါ နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်၍ အထက်ပါ ပစ္စည်းအားလုံးသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လဲ့လဲ့မော်နှင့် အကျိုးသက်ဆိုင်ခွင့် လုံးဝမရှိတော့ကြောင်းနှင့် အမွေဆိုင်ပစ္စည်းများ မဟုတ်တော့သည့်အတွက် သက်ဆိုင်သူများက ဥပဒေအရ ဆက်လက်ဆောင်ရွက်နိုင်ကြပြီး ကျွန်ုပ်မိတ်ဆွေအနေဖြင့် အဆိုပါ (၂၀-၁-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၌ ကြေညာချက်အား ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဥမ္မာဦး (LL.B)WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၃၃ )**
**သဃ်ာန်းကျွန်းမြို့နယ်တရားရုံး ရှေ့နေများနားနေခန်း၊ ဦးဘဟန်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၁၀၈၀၃၂၅**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပဲခူးမြို့

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၂၅-၂၀၂၆ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဟံသာဝတီရှိမြို့ကွက်ဖော်ထုတ်ရေးစီမံကိန်းအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၇-၄-၂၀၂၅ရက်(တနင်္လာနေ့) |
| **တင်ဒါအကြိုရှင်းလင်းမည့် ရက်/နေရာ** | - | ၁၁-၄-၂၀၂၅ရက်(သောကြာနေ့) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ |
| **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** | - | ၂၂-၄-၂၀၂၅ရက်(အင်္ဂါနေ့) |
| **တင်ဒါ Deposit နောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၂၂-၄-၂၀၂၅ရက်(အင်္ဂါနေ့) |
| **တင်ဒါလျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက်** | - | ၂၃-၄-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) |
| **လုပ်ငန်းတင်ဒါလျှောက်လွှာ ရောင်းချမည့် နေရာနှင့်လျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်နေရာ** | - | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ပဲခူးမြို့ |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (၇-၄-၂၀၂၅) ရက်မှ (၂၂-၄-၂၀၂၅) ရက်အထိ ရုံးချိန်အတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ပဲခူးမြို့သို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - 09-5195223, 09-426456233, 09-5086690,09-500782, 09-5370792

တင်ဒါကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာဝင်း၊ ကြယ်စင်မြို့တော်ရှိ ၂ ထပ်တိုက်၊ တိုက်အမှတ်Lane(8) အခန်း၊ အမှတ်(၅၉၁)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်လာလ်ဆန်မော မှတ်ပုံတင်အမှတ်[၅/ကလထ(နိုင်)၁၁၅၄၈၀]ထံမှ (၃၁-၃-၂၅)ရက်စွဲပါ စရန်ငွေပေးစာချုပ်ဖြင့် ကျွန်တော် ဦးဝေယံမြင့်ဦး မှတ်ပုံတင်အမှတ် [၁/ဗမန (ပြု) ၀၀၀၁၁၄]က ဝယ်ယူရန်အတွက် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါကြောင်း ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လျှင် အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝေယံမြင့်ဦး[၁/ဗမန(ပြု)၀၀၀၁၁၄]**
**ဖုန်း-၀၉-၄၀၀၀၃၅၈၁၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်တွင် ဆောက်လုပ်ထားသည့် တိုက်အမှတ်(၃၆၁)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦ၏ စတုတ္ထထပ်၊ (၅)လွှာ၊ ခြေရင်းခန်း တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဦးထက်နိုင်ထူး[၇/ပတတ(နိုင်)၁၁၃၉၉၄]+၁** တို့က ၎င်းတို့ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်မိုးမိုးသွင်[၁၀/မဒန(နိုင်)၀၀၆၉၀၅]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုမွန် [LL.B,D.B.L,D.I.L,D.I.P.L,DL-101WIPO(Switzerland)]**
**[တရားလွှတ်တော်ရှေ့နေ] (စဉ်-၁၃၄၉၆)**
**ဖုန်း- ၀၉-၇၉၉၆၆၄၅၅၇ ၊ ၀၉-၇၉၉၆၆၄၅၅၆ ၊ ၀၉-၅၀၄၉၁၇၄**
**အမှတ်- ၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၈-၂၀၂၄ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၉)တွင်ပါရှိသော အများသိစေရန်အသိပေးကြေညာခြင်း ဒေါ်ဝေမျိုးသစ် (အထက်တန်းရှေ့နေ) ကြော်ငြာတွင် ဦးအောင်မင်းဦး မှတ်ပုံတင်အမှတ် [၁၂/လသန (ဧည့်) ၀၀၁၇၅၄] ကိုင်ဆောင်သူနှင့် ဒေါ်လင်းနွယ်စိုး (ခ) ဒေါ်ရွှေလင်းလက်ချယ် မှတ်ပုံတင်အမှတ် [၁၄/မမန (နိုင်) ၁၅၃၉၆၈]တို့၏ လက်ထပ်ခဲ့သည့်ရက်စွဲသည် (၂၃-၃-၂၀၂၃)အစား ၂၃-၃-၂၀၂၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာ

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်- ၉၊ ဂရုဏာလမ်း၊ မြေကွက်အမှတ်-၁၉၅၊ အကျယ်အဝန်း (၄၅'x၆၀')ရှိ ဦးခင်မောင်ရွှေ အမည်ဖြင့် မှတ်သားထားရှိသော နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေကွက်ကြီးထဲမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော အကျယ်အဝန်း (၁၀'x၆၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်တိုက်အိမ်၊ ရေ၊ မီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို ဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သူဇာဝင်း [၉/ပမန(နိုင်) ၀၃၅၁၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဝင်းမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန်းသန်းဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၁၂)**
**အမှတ်-၃၂၀(ခ)၊ ဘောဂဝတီလမ်း၊ ၈၂/၃၃/၁၀ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၃၁၃၆၂၈၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၁၆၅)၊ ကုန်းဘောင်(၁၄)လမ်း၊ အကျယ်အဝန်း (၆၀ပေ x ၄၀ပေ)၊ (၂၄၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဦးသန်းဇော်စိုး[၁၂/အစန(နိုင်)၀၅၈၄၈၇]** အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## "ကန့်ကွက်နိုင်ပါသည်"

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ရပ်ကွက်ကြီး(၅)၊ မြေကွက်အမှတ်(၈၉+၉၀+၉၁)၊ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ ပေ)၊ မြေကွက်(၃)ကွက်တွဲနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်–၈၉ + ၉၀ + ၉၁၊ (၁၅) ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်(၃)ကွက်တွဲအား ပိုင်ဆိုင်သူ **ဒေါ်မို့မို့ထူး [၁၂/ဒဂန(နိုင်)၀၁၄၄၀၆]**မှ မိမိတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြု ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်မူမူနိုင် [၉/မရမ(နိုင်)၀၇၉၅၀၅]**မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်(၃)ကွက်တွဲ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ထိပ်ထားဦး [LL.B(QII) WIPO (Swizerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၂၆)**
**အမှတ်–၁၁၉၆၊ ဦးဟိန်စွန်းလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09–785261595**

## မပပဝင်း [၁၂/သလန(နိုင်)၁၂၁၀၂၄]အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း မပပဝင်းနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးထွန်းအောင် [၁၂/ခရန(နိုင်)၀၅၃၈၁၃] နှင့် ဒေါ်အေးလှိုင် [၁၂/ခရန(နိုင်)၀၅၃၈၁၂] ကိုင်ဆောင်သူ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၄၁) နေသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့်အတူနေ သမီးဖြစ်သူ မပပဝင်းသည် ကျွန်ုပ်မိတ်ဆွေတို့၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မည်သို့မျှ သည်းခံခွင့်လွှတ်၍မရနိုင်သည့်ကိစ္စရပ်များကိုပြုလုပ်၍ (၂၈–၃–၂၀၂၅) ရက်နေ့တွင် နေအိမ်မှ တိတ်တဆိတ်ထွက်ခွာသွားခဲ့ပါသည်။ မပပဝင်းပြုမူဆောင်ရွက်ခဲ့သည့် မည်သည့်ငွေကြေးအရှုပ်အရှင်းကိစ္စ တစ်စုံတစ်ရာကိုမျှ ကျွန်ုပ်၏မိတ်ဆွေများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်ခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၃၆၂/၂၀၁၇)**
**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉ – ၄၂၀၂၅၃၇၃၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ– ၁၀)၊ လူနေရပ်ကွက်အမှတ်(၁၂) ရပ်ကွက်၊ ရွှေဝါထွန်း(၇)လမ်း၊ အမှတ်(၃၇၀/ခ)ဟုခေါ်တွင်သော မြေအကျယ် (၂၀X၆၀)ပေရှိသည့် ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှဝင်းအမည်ဖြင့် မှတ်သားတည်ရှိကြောင်း၊ ယင်းမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ယခုစရန်ငွေလက်ခံသူ ဦးဇော်ဇော်အောင်[၁၄/ဇလန(နိုင်)၀၉၇၇၂၉]က အရပ်ကတိစာချုပ်များချုပ်ဆိုကာ အဆင့်ဆင့်လွှဲပြောင်း ဝယ်ယူခဲ့ပြီး လက်ရှိထားပိုင်ဆိုင်သူဖြစ်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ(သို့မဟုတ်) ၎င်းညွှန်ပြသူများ၏ အမည်ပေါက်စေရန် လိုအပ်သောကိစ္စများကိုလည်း လူကိုယ်တိုင် လိုက်လံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြေကွက်၏ပိုင်ဆိုင်မှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများမှာလည်း သက်ဆိုင်ရာဌာနများမှ အမှန်တကယ်ထုတ်ပေးထားသော စာရွက်စာတမ်းများဖြစ်ကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါကလည်း ပြေလည်သည့်တိုင် ဖြေရှင်းပေးမည်ဖြစ်ပြီးပြေလည်မှု မရရှိဘဲ တစ်စုံတစ်ရာနစ်နာဆုံးရှုံးရမည်ဆိုပါကလည်း ၎င်းရယူထားသော စရန်ငွေ အပြင်(၂)ဆ တိတိငွေကြေးများအားချက်ချင်း ပေးလျော်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုကာ အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ဦးဇော်ဇော်အောင်က ကျွန်ုပ်မိတ်ဆွေထံ ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေဦးဟိန်းထက်အောင် [၁၂/လသယ(နိုင်)၀၃၂၂၅၇]ကလည်း အပြီးအပိုင်ဝယ်ယူရန်သဘောတူညီကာ ရောင်းဖိုး ငွေကြေးများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်တကွ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေထံသို့လည်းကောင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ လာရောက်ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဟိန်းထက်အောင်** | **ဒေါ်ဝေမွန်သင်း(LLB,C.B.L)** |
| **အမှတ်(၁၅၉/က)၊ စိန်ပန်းမြိုင်** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်–၁၈၃၁၂** |
| **(၂)လမ်း၊ (၇) ရပ်ကွက်၊** | **အမှတ်(၄၄၈)၊ မင်္ဂလာလမ်း၊ (၉)ရပ်ကွက်၊** |
| **လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊** | **လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **ရန်ကုန်တိုင်းဒေသကြီး။** |
| **ဖုန်း–၀၉–၇၇၇၇၇၃၉၆၇** | **ဖုန်း–၀၉–၄၂၄၈၂၃၄၈၈** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ငထွေးရှူးလမ်း၊ မြေကွက်အမှတ်(၁၇/က)ဟုခေါ်တွင်သော(၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကို ဒေါ်စန်း(T/RGN–008844)အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်လျက်ရှိပြီး ၎င်းမှတစ်ဆင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေအကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်ရောင်းချပြီးနောက် ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်အိစန္ဒီမွန် [၁၀/သဖရ(နိုင်)၁၂၃၈၀၁]မှ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆွန်းကျိန်မျိုး[၁၃/ကခန(နိုင်)၁၂၂၀၃၇]မှ အဆိုပါ အိမ်ခြံမြေအား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆွန်းကျိန်မျိုး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်စန္ဒာရှင်**
**အထက်တန်းရှေ့နေ (စဉ် – ၂၅၆၈၉)**
**အမှတ်–၅၄၁/က၊ ဥယျာဉ်လမ်း၊ (၁၉) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း– ၀၉–၄၂၀၀၅၇၁၁၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ မြေကွက်အမှတ်–၄၉၄ (အမှတ်–၄၉၄၊ ဦးထွန်းမြင့်လမ်းနှင့် အောင်မာဃလမ်းထောင့်၊ ၂၉–ရပ်ကွက်ဟုခေါ်တွင်သော) အကျယ်အဝန်း ၄၁ပေ/၄၂ပေ x ၆၀ပေ၊ (၂၄၉၀ စတုရန်းပေ)၊ (ဧရိယာ–၀.၀၅၇ဧက) ရှိ **ဒေါ်အုန်းစိန် [၁၂/ဗဟန (နိုင်)၀၄၆၆၅၅]** အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဒေါ်အုန်းစိန် [၁၂/ဗဟန (နိုင်)၀၄၆၆၅၅]** သည် လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်အပြည့်အဝရှိ ကြောင်း ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရှုကြည်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၉၂၁/၁၉၈၆)**
**အမှတ်–၉၇၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၆၊ မြေကွက်အမှတ်–၈၊ [မြေကွက်လိပ်စာ–အမှတ်(၈)၊ ပုလဲလမ်းသွယ်လမ်း၊ (၁) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်]ဟုခေါ်တွင်သော ဧရိယာ (၀.၀၈၂)ဧက၊ (၆၀ x ၆၀)ပေ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်သည် မြို့မြေစာရင်းတွင် နော်အေးအေးလှိုင် [၁၂/ဒဂန(နိုင်)၀၀၀၆၀၆] အမည်ဖြင့် မှတ်သားတည်ရှိပြီး တရားဝင် လက်ဝယ်ထားပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေ နော်အေးအေးလှိုင်မှ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်ခဲ့ခြင်း အလျှဉ်းမရှိပါ။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ နော်အေးအေးလှိုင်၏ အတိအလင်း သဘောတူခွင့်ပြုချက်မရရှိပါဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ မြေအမည်ပြောင်းခြင်း၊ ကျူးကျော်ခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အဦဆောက်လုပ်ခြင်းများ လုံးဝ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၏ နစ်နာဆုံးရှုံးမှုသာဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သဲစုဝေမြင့် LL.B, D.B.L, D.M.L, D.I.L, D.I.R, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ ( စဉ် – ၈၄၉၉ )**
**L – 2/R – 3၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။Ph:09–5193578**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်၌

## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၅

| | | |
|---|---|---|
| ဦးဝင်းနိုင် | နှင့် | ဦးနိုင်ထွန်းလွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခိုင်ထွန်းလွင်) |
| (လျှောက်ထားသူ) | | (လျှောက်ထားခံရသူ) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၄၀ ရပ်ကွက်၊ ရွှေနှင်းမြိုင်လမ်း၊ အမှတ် (၂၄၁၀/ခ)နေ လျှောက်ထားခံရသူ ဦးနိုင်ထွန်းလွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခိုင်ထွန်းလွင်) (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးဝင်းနိုင်က ဤရုံးသို့ တရားမကျင့်ထုံးဥပဒေ ပုဒ်မ – ၁၄၄ အရ အချင်းဖြစ်မြေကွက်(၂)ကွက်ကို မူလလက်ဝယ်ထားပိုင်ဆိုင်သူထံသို့ ပိုနေမြဲကျားနေမြဲ ပြန်လည်ထားရှိနိုင်ရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၁ ရက်နေ့) မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ(၃) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မျိုးထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်

**Myanmar Seafarers Federation**

## "အသိပေးကြေညာချက်"

MSF အဖွဲ့ချုပ်၏ (၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားမျက်နှာစုံညီအစည်းအဝေး အခမ်းအနားအစီအစဉ်များအား လူမှုကွန်ရက်စာမျက်နှာနှင့်သတင်းစာများမှ သတင်းထုတ်ပြန်ခဲ့ပါသည်။

နေရာထိုင်ခင်းနှင့် လူဦးရေအရ စားပွဲကုလားထိုင်စီစဉ်နိုင်ရန် တက်ရောက်မည့်လူဦးရေစာရင်းကောက်ယူခြင်းအား QR Code အသုံးပြု၍ ကောက်ခံခြင်းများလုပ်ကိုင်ခဲ့သည်။

သို့ဖြစ်ပါ၍ လက်ခံရရှိသည့်ဖိတ်စာပြသနိုင်မှသာ အခမ်းအနားသို့တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ်(၈)ရှိမြေကွက်(၃၀ပေx၆၀ပေ)နှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသောရင်ခွဲ (၈)ထပ်တိုက်၊ အပေါ်ဆုံး(၈)လွှာ (ဝဲ/ယာ)တစ်ခန်းလျှင် (၁၂½ ပေx၆၀ပေ) အကျယ်ရှိ တိုက်ခန်း(၂)ခန်းနှင့်တရားဝင်မြေအမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချခွင့်ရှိသည့်နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်သူ ဒေါ်ဆန်းဆန်းဝင်း [၁၂/ကမတ(နိုင်) ၀၁၁၂၁၁] ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် အခန်း(၂)ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းကို တရားဝင်ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်း အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အပြီးသတ် တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်ကြီး** | **ဦးရွှေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၇)** | **အထက်တန်းရှေ့နေ (စဉ် – ၅၅၉၃၈)** |

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၃၇၇၄၀၆**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ယခင်အခေါ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ယခုအခေါ် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၁၄)ရပ်ကွက်၊ ငထွေးရှူးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၅၉၉)၊ အကျယ်(၄၀x၆၀) ပေရှိ ဒေါ်အေးအေးလှ အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇေယျာတင် [၁၂/စခန(နိုင်)၀၀၅၃၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၅၇၅)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**Ph:09–420088970**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း၊သန်လျင်မြို့နယ်၊ကြယ်စင်အိမ်ရာ၊တိုက်အမှတ်(172)၊အကျယ်အဝန်း(၂၄၀၀ စတုရန်းပေ)ရှိ ဒေါ်အိစန္ဒာကျော်(၁၃/နဆန(နိုင်)၀၅၅၀၇၉)ပိုင်ဆိုင်သည့်မြေကွက်နှင့်တကွ နေအိမ်အကျိုးခံစားခွင့်များအား ဒေါ်အိစန္ဒာကျော်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေဇွန်ဦး (၁၃/လကန(နိုင်)၀၂၀၂၈၈)မှ နှစ်ဦးသဘောတူမြေကွက်နှင့်လုံးချင်းအိမ်အရောင်းအဝယ်စာချုပ်အရအပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နေအိမ်၏အကျိုးခံစားခွင့်များသည် ဒေါ်မေဇွန်ဦး မှသာတရားဝင်အကျိုးခံစားခွင့်ရှိသူဖြစ်ပြီး ဒေါ်မေဇွန်ဦး မှလွဲ၍မည်သူ တစ်ဦးတစ်ယောက်မှပိုင်ဆိုင်ခွင့်မရှိပါကြောင်းကိုအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း၊သန်လျင်မြို့နယ်၊ကြယ်စင်အိမ်ရာ၊တိုက်အမှတ်(173)၊အကျယ်အဝန်း(၂၄၀၀ စတုရန်းပေ)ရှိ ဒေါ်အိစန္ဒာကျော်(၁၃/နဆန(နိုင်)၀၅၅၀၇၉)ပိုင်ဆိုင်သည့်မြေကွက်နှင့်တကွ နေအိမ်အကျိုးခံစားခွင့်များအား ဒေါ်အိစန္ဒာကျော်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေဇွန်ဦး (၁၃/လကန(နိုင်)၀၂၀၂၈၈)မှ နှစ်ဦးသဘောတူမြေကွက်နှင့်လုံးချင်းအိမ်အရောင်းအဝယ်စာချုပ်အရအပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နေအိမ်၏အကျိုးခံစားခွင့်များသည် ဒေါ်မေဇွန်ဦး မှသာတရားဝင်အကျိုးခံစားခွင့်ရှိသူဖြစ်ပြီး ဒေါ်မေဇွန်ဦး မှလွဲ၍မည်သူ တစ်ဦးတစ်ယောက်မှပိုင်ဆိုင်ခွင့်မရှိပါကြောင်းကိုအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊သန်လျင်မြို့နယ်၊ကြယ်စင်အိမ်ရာ၊တိုက်အမှတ်(B-1)၊(၁-လွှာ)၊အခန်းအမှတ်(၁၁၇)၊အခန်းအမျိုးအစား(Type B1)၊အကျယ်အဝန်း(၁၃၈၉ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့်တကွအကျိုးခံစားခွင့်များအား တရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ပန်းအိအိလွင်(၁၂/ဥကတ(နိုင်)၁၅၃၇၂၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်ဖြိုးပိုင်(၁၂/သကတ(နိုင်)၁၉၂၉၂၉)ကဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်၊ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ဦးအောင်မြင့် (မြင်းခြံ)

**စက်မှု၊ စားကုန်(ငြိမ်း)**

**အသက် (၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဝင်္ဂဘာလမ်း၊ အမှတ် (၃၇)နေ (ဦးတင်အေး-ဒေါ်ချိုချို)တို့၏ သား၊ (ဦးမင်းဟန်-ဒေါ်သောင်းမြင့်)တို့၏ သားသမက်၊ ဒေါ်ဖြူဖြူမင်းဟန်၏ ချစ်လှစွာသောခင်ပွန်း၊ (မောင်ကျော်ငြိမ်း)၏ ချစ်လှစွာသောဖခင်၊ (ဦးဝင်းကြည်-ဒေါ်စိန်လွင်)၊ (ဦးရွှေမြ-ဒေါ်မြတင်)၊ ဦးညွန့်-(ဒေါ်စန်းညွန့်)၊ (ဦးသောင်းတင့်)တို့၏ ညီ/မောင်၊ ဒေါက်တာကျော်ဇင်မြင့်-ဒေါ်သန်းသန်းအေး၊ ဦးမြင့်သိန်း-ဒေါ်ကြည်ကြည်သောင်းတို့၏ အစ်ကို၊ တူ/တူမ ၁၆ ယောက်တို့၏ ဦးလေး၊ မြေး ၁၆ ယောက်တို့၏ အဘိုးသည် ၃-၄-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၅:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့နေ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း) ဦးစိန်ဝင်း အသက်(၇၅)နှစ်သည် ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ရုတ်တရက်ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် သဘောကောင်း/သီချင်းအဆိုကောင်းသော ညီအရင်းတမျှ ချစ်ခင်ရပါသော ဦးစိန်ဝင်းအတွက် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း သိစေအပ်ပါသည်။

**ဦးရန်နိုင်နှင့်မိသားစု**
**ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ပါသည်"

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၁)၊ ရွှေပေါက်ကန်လမ်း၊ မြေကွက်အမှတ်(၅၃၄)၊ ဒေါ်သန်းသန်းဦး အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ (၄၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဝဏ္ဏကိုကို [၁၂/ဒဂရ(နိုင်)၀၄၅၁၁၂]မှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ပါမစ်မူရင်းနှင့် အဆင့်ဆင့်သောအရပ်ကတိစာချုပ်တို့သည် မှန်ကန်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိ ကင်းရှင်းကြောင်း ဝန်ခံကတိပြုပါသဖြင့် ဒေါ်စန္ဒာနွယ် [၉/ကပတ(နိုင်)၁၀၃၁၂၃]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာနွယ်၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြရွှေ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)(၂၀-၇-၉၈)**
**ရုံး-(ဃ/၃၀၄)၊ (ပထမထပ်)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာ၊ ဖုန်း-၀၉-၅၄၀၇၂၂၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)**

**သဃ်န်းကျွန်းခရိုင်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇**

| | | |
|---|---|---|
| ဦးချမ်းသာ | နှင့် | ၁။ ဦးစိုးမိုး(ခ)ဦးစိုးသန်း |
| | | ၂။ ဒေါ်နွဲ့နွဲ့ရီ |
| | | ၃။ ဦးလှစိုးမိုး |
| | | ၄။ ဒေါ်တင်တင်ခိုင် |
| | | ၅။ ဦးလှမိုးကျော် |
| | | ၆။ ဦးခင်စိုး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၈)လမ်း၊ အမှတ် (၉၇၄)နေ (၁)တရားပြိုင် ဦးစိုးမိုး(ခ)ဦးစိုးသန်း၊ (၂)တရားပြိုင် ဒေါ်နွဲ့နွဲ့ရီ(ယခုနေရပ်လိပ်စာမသိသူ)တို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၉)လမ်း၊ အမှတ်(၃၇၃)နေ (၄)တရားပြိုင် ဒေါ်တင်တင်ခိုင်၊ (၅)တရားပြိုင် ဦးလှမိုးကျော် (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ( ၂၂ )ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၀ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ဒုတိယဗိုလ်မှူးကြီး တင်ထွန်းခင်(ငြိမ်း)

**ကြည်း-၇၇၁၆**

**ဦးစီးအရာရှိ (ပထမတန်း)ဗိသုကာ (ငြိမ်း)**

**စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကော်မတီဝင် (ငြိမ်း)**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ ဆရာစံလမ်းနေ (ဦးဖေခင်-ဒေါ်စန်းရင်)တို့၏ သားကြီး၊ (ဦးစိန်-ဒေါ်တင်ရှင်)တို့၏ သားသမက်၊ ဒေါ်ရီရီ (အထပြ-ငြိမ်း၊ အထက-၁၊ ဒဂုံ)၏ ချစ်ခင်ပွန်း၊ ဒေါ်ခင်သီတာရီ၊ ဦးကြည်သာ-ဒေါ်အေးစန္ဒာဦး၊ ဦးဥက္ကာ၊ (ဦးဉာဏ်သာ)-ဒေါ်မြတ်မွန်တို့၏ ကျေးဇူးရှင်ချစ်ဖေဖေ၊ တောက်ထွန်းခင်၊ ဖွန်ပွင့်ခင်၊ မြတ်မဉ္ဇူခင်တို့၏ ချစ်ဘိုးဘိုးကြီး၊ ဦးဉာဏ်ဝင်းခင်-ဒေါ်ခင်ခင်စီ၊ ဦးအောင်ခင်-ဒေါ်ခင်ခင်အေး၊ ဦးဇော်မြင့်အောင်-ဒေါ်ခင်မြင့်စန်း၊ (ဦးကျော်ကြီးခင်)-ဒေါ်အုန်းရှင်တို့၏ ချစ်အစ်ကိုကြီး ဒုတိယဗိုလ်မှူးကြီးတင်ထွန်းခင်(ငြိမ်း)သည် ၂-၄-၂၀၂၅ (ဗုဒ္ဓဟူးနေ့) ည ၇:၅၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပါသဖြင့် ၄-၄-၂၀၂၅ (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ် (၁၁၅၉)၊ ကွင်းအမှတ်(၆၁၇)၊ ဂရန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၁/၃၁)၊ ဒေါ်ခင်မြမြ အမည်ပေါက် မြို့မြေရေိယာ (၀.၁၀၄)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသောရေမီးစုံ (၁)ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်မြမြ [၁၂/ပဇတ(နိုင်)၀၁၂၉၇၀] ကိုင်ဆောင်သူက ၎င်းပိုင်ဆိုင်ကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးခိုင်မင်းသန့် [၁၄/အမန(နိုင်)၀၁၀၄၈၅] ကိုင်ဆောင်သူအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုသူရှိပါက ဤကြေညာစာပါသည့်နေ့မှစ၍ ရက်ပေါင်း (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများ ယူဆောင်လာ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုနေ့ရက်ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခိုင်မင်းသန့်** — **ဒေါ်သက်မာဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၉၅၇၀)**
**အမှတ်(၃၂၆)၊ အောင်မင်္ဂလာ(၁)လမ်း၊ ရွှေကုန်းရပ်ကွက်၊**
**ကျောက်တန်းမြို့။ ဖုန်း- ၀၉-၇၇၃၇၅၄၃၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၆-C၊ မြေကွက်အမှတ်- ၁၈ အေ၊ ဧရိယာ (၀.၂၆)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၁)၊ ပဒုမ္မာလမ်း၊ ပြည်လမ်းအရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ဦးအေးကြူ(ခ)အန်ကျွမ်း [၁၂/လသန(နိုင်)၀၀၅၅၁၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်၏ နှစ်(၆၀) မြေငှားဂရန်မူရင်းမှာ ဦးအေးကြူ(ခ)အန်ကျွမ်း၏ လက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ ယင်း နှစ်(၆၀) မြေငှားဂရန်မူရင်းနှင့် ယင်းမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း လုံးဝမရှိကြောင်းနှင့် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း လသာမြို့နယ်တရားရုံးတွင် ဦးအေးကြူ(ခ)အန်ကျွမ်းက ကျမ်းကျိန်ဆိုသည့် ၁-၈-၂၀၂၄ ရက်နေ့စွဲပါကျမ်းကျိန်အမှတ်- ၈/၅၁/၂၀၂၄၊ မြေငှားဂရန်စာချုပ်မူရင်း ပျောက်ဆုံးကြောင်းဝန်ခံချက်၊ ဒဂုံမြို့မရဲစခန်းမှ ပစ္စည်းပျောက်ထောက်ခံချက်၊ မြေအမည်ပေါက်သည့် အရောင်းအဝယ်စာချုပ်အမှတ်- ၂၃၀၁/၁၉၉၉ (၈-၁၀-၁၉၉၉) စာချုပ်ရုံးလက်ခံအမှန်(မိတ္တူမှန်)၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဦးအေးကြူ(ခ)အန်ကျွမ်း [၁၂/လသန(နိုင်)၀၀၅၅၁၁]မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မော်တော်ယာဉ် (9I-8584/ TOYOTA HILUX SURF KZN185) (Colour-Gray)နှင့် ပတ်သက်၍ အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊(၉/၃)ရပ်ကွက်၊ ဂရုဏာလမ်း၊ အမှတ်- (၁၈၄-ခ)တွင်နေထိုင်သော မှတ်ပုံတင်အမှတ်[၁၂/ရပသ (နိုင်)၁၁၇၂၉၂] ကိုင်ဆောင်သူ ကျွန်ုပ်မိတ်ဆွေ ဦးကျော်စိုးလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

အထက်ပါ မော်တော်ယာဉ်ဖြစ်သော (9I-8584 TOYOTA HILUX SURF KZN185) (Colour-Gray)သည် ဦးစန်းကျော်မိုး [၁၂/သလန (နိုင်) ၀၆၆၂၄၂]အမည်ပေါက်ဖြင့် ထွက်ရှိထားသော မော်တော်ယာဉ်ဖြစ်ပြီး ယခုလက်ရှိတွင် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူပိုင်ဆိုင်ထားသော မော်တော်ယာဉ်ဖြစ်ကာ ပိုင်ဆိုင်မှုစာရွက်စာတမ်း အုံနာဘုတ်များနှင့်တကွ ဆက်စပ်အရောင်းအဝယ်စာချုပ်များမှာလည်း ကျွန်ုပ်မိတ်ဆွေလက်ဝယ်တွင်ရှိပါသည်။ ၎င်းမော်တော်ယာဉ်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမှလွဲ၍ အခြားသူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပေါက်လျှောက်ထားခြင်း၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းများပျောက်ဆုံး၍ အသစ်လျှောက်ထားခြင်း၊ ယာဉ်လိုင်စင်သက်တမ်းတိုးခြင်းများကို ကန့်ကွက်ပါကြောင်းနှင့် ယင်းမော်တော်ယာဉ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါကလည်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်ဇော်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၆၉၉)**
**ဖုန်း- ၀၉-၄၂၀၀၂၉၈၇၉**
**အမှတ်- ၆၁၁(က)၊ ရတနာသီရိလမ်း၊ ဈ/၃၃/၁၀-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကျော်ဝင်း

**ပါမောက္ခ-ဌာနမှူး(ငြိမ်း)၊ ဒဿနိကဗေဒဌာန**

**အသက် (၇၂) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘောဂသိဒ္ဓိလမ်း၊ ခြံအမှတ် (၁၄/A)နေ (ဦးဘသန်း-ဒေါ်ထားရှင်)တို့၏ သား၊ (ဦးလှဒင်-ဒေါ်ခင်သိန်း)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်အုန်း (ရုံးအုပ်-ငြိမ်း၊ မြန်မာ့သတင်းစဉ်-နိုင်ငံခြား)၏ခင်ပွန်း၊ ဦးမြင့်ခိုင်-ဒေါ်သင်းအိကျော်၊ ဦးကောင်းဝဏ္ဏကျော်-ဒေါ်ရင်ရင်မော် တို့၏ ဖခင်ကြီး၊ မြေး နှစ်ယောက်တို့၏ အဘိုးဖြစ်သူ ဦးကျော်ဝင်း အသက်(၇၂)နှစ်သည် ၃-၄-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၁၁:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၅-၄-၂၀၂၅ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မူးယစ်ကို ပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးပြည်ငြိမ်း

**အသက်(၄၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာ၊ ခြံအမှတ်(F3)နေ (ဇေယျကျော်ထင် ဗိုလ်ချုပ်တင်ထွန်း) -ဒေါ်ခင်မြင့်ဝေတို့၏ သားကြီး၊ ဦးအောင်မျိုးဟိန်း-ဒေါ်နီနီတင်ထွန်း၊ ဦးမြတ်ညိမ်း-ဒေါ်ချိုသီသီဝေတို့၏ အစ်ကို၊ မသွန်းသီရိခင်၏ မွေးသဖခင်ကျေးဇူးရှင်၊ မအိမ့်ချမ်းမြေ့ခင်၊ မသန့်သီရိထွန်း၊ မအိမ့်ယမုံခင်၊ မောင်မြတ်ဉာဏဟိန်းတို့၏ ဘကြီးဖြစ်သူသည် ၁-၄-၂၀၂၅ (အင်္ဂါနေ့) နံနက် ၁၀:၅၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂-၄-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၂၅ (တနင်္လာနေ့) နံနက် ၉:၃၀ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ ဒူးယား(၅)လမ်း၊ မြေကွက်အမှတ်(၁၀၇၇/ခ) ဟုခေါ်တွင်သော ဦးအေးမင်း အမည်ပေါက်သည့် နှစ်(၆၀)မြေငှား ဂရန်မူရင်းပါ မြေအကျယ် (ပေ ၂၀x ပေ ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သက်သက်စိုး[၁၂/ကမရ(နိုင်) ၀၅၄၀၀၈] အမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းပွင့်လွင် [၁၂/ဥကတ(နိုင်)၁၆၅၀၆၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ညွှန်ကြားသူ** — **ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းပွင့်လွင်** — **ဒေါ်ဟန်နီထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၆၉)**
**အမှတ်(၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၅၄၁၂၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ် (၉၇၉/က)၊ ၁၂၀၀စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၉၇၉/က)၊ ဝဇီရာ(၈)လမ်း၊ (င)ရပ်ကွက်၊ ဒေါ်အမြင့် (ISN-107768) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဒေါ်အမြင့်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်- ၂၂၇၀/၂၀၂၄ (၈-၃-၂၀၂၄)ဖြင့်ရရှိသူ ဒေါ်ကြည်ကြည်ဝင်း [၇/ပခန(နိုင်)၀၄၀၅၅၁]မှ နှစ်(၆၀) မြေငှားဂရန်မူရင်းမှာ အထားအသိမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်း ထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာအမှတ်- ၁၈၄/၂၀၂၄/၆-၅-၂၀၂၄၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- မျက်နှာသစ်စဉ်၊ သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ဖွင့်ထားပါက၊ ရေဆုံးရှုံးရပြီး၊ ရေပြန်တင်ရန် လျှပ်စစ်သုံးဖို့ လိုအပ်လာပါမည်။ ထို့ကြောင့် သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **"ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့်သိပ္ပံနယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်...**

❖ **လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ် (၂) ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများနှင့် ရေလွှဲဆည်နှင့်တမံများအား လိုက်လံကြည့်ရှုစစ်ဆေး



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဖွင့်လှစ်ထားရှိသည့် ယာယီဆေးရုံ(ပေါင်းလောင်း)၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သားပြည်သူများအား အားပေးစကားပြောကြားစဉ်။

နေပြည်တော် မေ ၃

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီက ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် ရေလွှဲဆည်နှင့်တမံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**လိုအပ်သည်များ လမ်းညွှန်မှာကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန် သဇင်လမ်းနှင့် မြစ်မခလမ်းထောင့်ရှိ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းရုံး (MCI)သို့ သွားရောက်၍ အဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

## အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ခတ်သွားမှုနှင့် စပ်လျဉ်း၍ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း သေဆုံး/ဒဏ်ရာရ/ ပျောက်ဆုံးစာရင်း

စာမျက်နှာ » ၁၇

## အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး လီဗာပူးအသင်း အမှတ်ပေးဇယားထိပ်၌ ဆက်လက်ဦးဆောင်

လီဗာပူးအသင်းနဲ့ အဲဗာတန်အသင်းတို့ မေ ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃၀)မှာ လီဗာပူးအသင်းက အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးမှာ ၁၂ မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ○



လီဗာပူးအသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။